
ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ပထမဆု

# မိုးမြစ်ရစ်ခွေ အလှမြေ

## ကဗျာများ

မောင်ကြည်နွယ် (ပင်လယ်ဘူး)



၂၀၁၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်၊ ပထမဆု

# မူးမြစ်ရစ်ခွေ အလှမြေ

## ကဗျာများ


### မောင်ကြည်နွယ် (ပင်လယ်ဘူး)



တည်းဖြတ်သူ - ဒေါ်မေသူစိုး
(စာတည်း)
အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၅၀၀

တန်ဖိုး (　　　　) ကျပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ်
ဦးကိုကိုနိုင် က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မူးမြစ်သား | ၁ |
| ၂။ | သူငယ်ချင်းသို့ | ၃ |
| ၃။ | ပုံရိပ် | ၅ |
| ၄။ | ကဲတယ် | ၇ |
| ၅။ | စာမျက်နှာ | ၉ |
| ၆။ | အပယ်ခံအလှ | ၁၀ |
| ၇။ | သူနှင့် ပြည်သူ | ၁၁ |
| ၈။ | မေတ္တာရေကြည် | ၁၃ |
| ၉။ | ကိုယ့်အလှ ကိုယ်ဖျက် | ၁၅ |
| ၁၀။ | နိဂုံးအဖြူ | ၁၇ |
| ၁၁။ | တစ်မိုးချုပ်ပြီ | ၂၀ |
| ၁၂။ | သူလိုလူ | ၂၂ |
| ၁၃။ | အရှင့်မြတ်ဂုဏ်ရည် အဋ္ဌလီ | ၂၃ |
| ၁၄။ | အဆိပ် | ၂၅ |
| ၁၅။ | တံခါးဖွင့် | ၂၆ |
| ၁၆။ | အမွေဆိုးကို ချိုးဖျက်ခြင်း | ၂၈ |
| ၁၇။ | ဆောင်းည | ၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | တရား | ၃၂ |
| ၁၉။ | သရုပ်ပျက် သဘင် | ၃၃ |
| ၂၀။ | စာဆိုကန်တော့ပန်း | ၃၅ |
| ၂၁။ | အလင်းငှသူ ပန်းပျိုးသူ | ၃၇ |
| ၂၂။ | ရှင်သန်ခြင်း | ၃၈ |
| ၂၃။ | မူးမြစ်ရေကြည် သက်သေတည် | ၃၉ |
| ၂၄။ | ရတော်ပေစွ လူ့ဘဝ | ၄၂ |
| ၂၅။ | ကြယ်ကြွေအလွမ်း | ၄၄ |
| ၂၆။ | ရင်ခွင်နွမ်း | ၄၆ |
| ၂၇။ | အသိမှား | ၄၈ |
| ၂၈။ | ဆရာကြီးနှင့် တစ်ခဏ | ၅၀ |
| ၂၉။ | တံမြက်စည်းနှစ်လက် | ၅၂ |
| ၃၀။ | ရင်လေးတယ် ခင် | ၅၃ |
| ၃၁။ | ကျေးလက်ရဲ့ရွှေအိပ်မက် | ၅၄ |
| ၃၂။ | စာပေစင်မြင့်ပေါ်ဝယ် | ၅၆ |
| ၃၃။ | ပင်လယ်ပျော် | ၅၇ |
| ၃၄။ | အမေ့ရွာ | ၅၉ |
| ၃၅။ | မူးမြစ်ရစ်ခွေ အလှမြေ | ၆၁ |
| ၃၆။ | ပန်းနှင့် လိပ်ပြာ | ၆၃ |
| ၃၇။ | တောခလေ့ မွေ့တဲ့ခင် | ၆၅ |
| ၃၈။ | မူးမြစ်ဖျားက အမည်းစက် | ၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | မူးမြစ်ဖျား ကဗျာဆရာ | ၇၀ |
| ၄၀။ | စာဆိုဆန္ဒ | ၇၃ |
| ၄၁။ | လင်းပက်ထိုးဖော်ရေ | ၇၄ |
| ၄၂။ | ခါနွေဆန်း | ၇၆ |
| ၄၃။ | သည်ယာရိပ် | ၇၇ |
| ၄၄။ | အဘိုးနှင့် လှည်းအို | ၇၉ |
| ၄၅။ | ဝါကျွတ်ည | ၈၀ |
| ၄၆။ | အမေသာခုခေါ်ပါလေ | ၈၂ |
| ၄၇။ | ရေကြည်ဖျန်းပက် လန်းလျက်အစဉ် | ၈၄ |
| ၄၈။ | ရေစက် | ၈၇ |
| ၄၉။ | အဘိုးရဲ့ တောင်ယာ | ၈၉ |
| ၅၀။ | မဂ္ဂင်လမ်းပေါ်မှာ | ၉၂ |
| ၅၁။ | အပယ်တွင်း ဆင်းသူများ | ၉၃ |
| ၅၂။ | မော်ဒန်နှင့် ဂန္ထဝင် | ၉၅ |
| ၅၃။ | ပကာ | ၉၆ |
| ၅၄။ | ခက်ဆစ် | ၉၈ |
| ၅၅။ | ရှောင်လေဝေးဝေး မူးယစ်ဆေး | ၁၀၀ |
| ၅၆။ | မနက်ဖြန်အောင်ပွဲ | ၁၀၃ |
| ၅၇။ | မြေးအနှစ် | ၁၀၅ |
| ၅၈။ | ဝင်္ကပါ ခရီး | ၁၀၇ |
| ၅၉။ | ရောင့်ရဲခြင်း | ၁၀၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀။ | ထေရ်မဟာအလွမ်း လက်ာပန်း | ၁၁၀ |
| ၆၁။ | တူနှစ်ကိုယ် | ၁၁၂ |
| ၆၂။ | အလှဂုဏ်မက် ဘဝပျက် | ၁၁၃ |
| ၆၃။ | ဆည်းဆာ | ၁၁၅ |
| ၆၄။ | ရွှာ့အလင်္ကာ | ၁၁၇ |
| ၆၅။ | အတုအယောင် | ၁၁၈ |
| ၆၆။ | တောင်သမန်မှာ တစ်နေ့တာ | ၁၂၀ |
| ၆၇။ | ရေဆန် | ၁၂၃ |
| ၆၈။ | စာဆိုနှင့် ငှက်ကလေး | ၁၂၄ |
| ၆၉။ | စိတ်ကူးလိပ်ပြာ အလင်္ကာ | ၁၂၆ |
| ၇၀။ | အလင်းတရား | ၁၂၇ |
| ၇၁။ | အဖေ့ပီတိ | ၁၂၉ |
| ၇၂။ | ပုရစ်တူးချိန် | ၁၃၀ |
| ၇၃။ | သဒ္ဒါကြည်မြ ရွာ့အလှ | ၁၃၁ |
| ၇၄။ | မူးမြစ်မြင်ကွင်း နွေစိုက်ခင်း | ၁၃၃ |
| ၇၅။ | လွမ်းဖွယ်မြင်ကွင်း ရှုမျှော်ခင်း | ၁၃၄ |
| ၇၆။ | မိုးနိဒါန်း | ၁၃၆ |
| ၇၇။ | ပျင်းဘူး | ၁၃၈ |
| ၇၈။ | တောလက်သည် | ၁၃၉ |
| ၇၉။ | လန်းတယ် | ၁၄၁ |
| ၈၀။ | ငယ်ခလေ့ | ၁၄၂ |
| ၈၁။ | မူးမြစ်ခလေ့ | ၁၄၄ |

## မူးမြစ်သား

❖ ဖိုးတာက မြှုးထောင်
စာမောင်က ငါးစာခုတ်။
ဖိုးသင်နဲ့ ဖိုးမဲ
ငါးဖွဲ ကျင်းမြှုပ်။

❖ ဦးဇီးကွက် အုံတုံစိမ်
ငချိန်က သောင်ကပ်ပစ်။
ဦးထွားအောင် ကိုစံပု
ငါးဥကျင်းပစ်။

❖ တုံးဒိုက်ကြား ချုံဝဲမှာ
ကိုသာလှ ငါးမြှေထိုး။
မတင်ခင် ဒေါ်စိန်ခက်
ငါးလင်းပက်ထိုး။

❖ စိန်ဦးက ပိုက်မျှောနေ
ကံဖေက ငါးမျှားချ။
ကိုခွေးမောင် ငါးဖော့ပစ်
သောင်ထစ်ရေစ။

❖ မမြအေး ကိုချစ်ပို
ခင်ညိုနဲ့ ဘကွန်း။
သန်းခေါင်ကျော် သောင်စပ်နား
ငါးမီးတုတ်ထွန်း။

❖ မူးမြစ်ဖျား မူးမြစ်သား
ငါးရှာတဲ့ ဓလေ့ပင်။
မူးမြစ်ကွေ့ မူးမြစ်ရိုး
ဇာထိုး ဇာသင်
လှောင့်ချောင်ပိတ် ပြုံးပျော်ရွှင်
ရေလျှင်မှာ ငါးချုံ့ဝိုက်။
မူးမြစ်ကိုခင်
မူးမြစ်ပြင် သူတို့သွေးရယ်လို့
နှစ်အရှည် ကြည်နွေး
ဖွေးတဲ့စရိုက်။ ။

(ငါးဖော့ပစ်= ငါးရှာနည်းတစ်မျိုး)

✷ ✷ ✷ ✷ ✷



## သူငယ်ချင်းသို့

❄ မင်းမသိလည်း
ငါသိသမျှ ပြောပါရစေ
ငါ့နှယ်မခြား၊ အများတကာ
မင်းပါသိထားစေချင်တယ်။

❄ ငါမသိလည်း
မင်းသိသမျှ ပြောဦးမှလေ
မင်းမှတစ်ပါး၊ အများတကာ
ငါပါသိထားသင့်သေးတယ်။

❄ မင်းမသိတိုင်း
မသိသူချည်း မထင်နှင့်ဦး။

❄ ငါမသိတိုင်း
မသိသူချည်း မထင်ခဲ့ဘူး။

❄ မင်းလည်းမသိ၊ ငါမသိတောင်
သိသူထံပါး၊ ချဉ်းကပ်သွားမှ
စကားကြည်ဖြူ၊ အယူအပေး
ဆွေးနွေးဦးမှ၊ တော်ကာကျ။

❄ သူငယ်ချင်း
မင်းရောငါရော၊ သူရောစဥ်းစား
အများပါဝင်၊ အမြင်ချင်းညှိ
အသိချင်းနွှယ်၊ ဖလှယ်ပါမှ
ရာရာတိုးတက်၊ အဖက်ဖက်လျှင်
အခက်အခဲ၊ မရှိဘဲ
ပွဲတိုင်းအောင်မယ် သူငယ်ချင်း။ ။

✷✷✷✷✷



## မုံ့ရှိပ်

❁ လုပ်ကိုင်ရ လယ်ယာမြေ
စိန် ရွှေ ငွေ မကြွယ်ဝ။
လူတောတိုး မချင့်မရဲ
ပွဲဝင်မလှ။

❁ မသင်ရ ခေတ်ပညာ
အဘိဓမ္မာ မတတ်ကျွမ်း။
အတိတ်ကံကျိုးပေးမလှ
နိမ့်ကျ ဂုဏ်နွမ်း။

❁ ဖြစ်ချင်ရဲ့ ကဗျာဆရာ
ရင်ထဲမှာ ဆန္ဒအပြည့်။
ကဗျာညည် ကဗျာပိုး
ထိုးဆွကလိ။

❁ ဖနီးက သရော်
အဖော်တွေက လှောင်ပြုံး။
စာမတတ် ကဗျာရူး
ထူးတဲ့ ငတုံး။

❁ ‘‘ဆန္ဒာဓိပတိ’’
ပါဠိတော်ဖတ်မိရာ။
အားတက်ကာ ယုံကြည်ဖွဲ့နဲ့
ရဲစိတ်တွေဖြာ။
တွေ့သမျှစာ
ဖတ်ပါရစေ နေ့ညမနား။
ကဗျာမှော် ပျော်ဝင်ပူး
ရူးခဲ့ပြီလား။

❁ ကဗျာစုံ စာစုံဖတ်
ကဗျာဝပ် ရင်ထဲပျော်။
ကိုယ့်ဝန်းကျင် ကိုယ့်အလှ
ကြွအောင်ပုံဖော်
ကိုယ့်ကလောင် ကိုယ်သွေးကာမှ
ကိုယ့်တေးလည်း နိုင်ငံကျော်
တော်တယ်လို့ မဆိုသာသေး။
ဘဝမြေသာစခန်းမှာ
အလှဝေ ကဗျာပန်းတွေနဲ့
လန်းမြထုံမွှေး။ ။

✷ ✷ ✷ ✷ ✷



## ကဲတယ်

❁ ကောက်စိုက်သွားရင်း
ရည်းစားထားစ၊ အေးလှ မိနီ
နွဲ့ရီ စိန်ခက်၊ ဆယ်ကျော်သက်တို့
လုယက်ငြင်းခုံ၊ စကားစုံကာ
မလုံမလဲ၊ တကတဲ
ကဲလိုက်ကြတာ မပြောနှင့်။

❁ လူပျိုတက်စ
ငမြ စံအောင်၊ ညသန်းခေါင်တိုင်
တောင်ရောက် မြောက်ရောက်၊
ရွာရိုးလျှောက်လျက်
ခေါက်တုံ့လူးလာ၊ တေးကဗျာနှင့်
လသာတုန်းမှာ ကဲကြတယ်။

❁ ငထွား ကံကြီး
ဦးရီးသာချို၊ မုဆိုးဖိုတို့
အပျိုမြင်က၊ ပြုံးစစနှင့်
လှတုန်း ပတုန်း၊ ကဲကြတုန်း။

❁ အပျို လူပျို
အရွယ်အိုလည်း၊ စိတ်ပျိုကိုယ်နု
ငယ်သူ့အသွင်၊ သစ်သစ်လွင်ကာ
ရွှင်လန်းတက်ကြွ၊ ကဲနေကြ။

❁ ဩော် ပျိုးနုတ် ဆည်ပိတ်
ကောက်ရိတ် နွှားမွေး၊ ကူမ ဖေးကာ
မူးဘေးမှာပျော်၊ မွေးပေါက်ဖော်တို့
ဖော်ရွေပြုံးပြ၊ ကြင်နာကြလျက်
ရွှင်ပျလန်းတယ်၊ ကဲကြတယ်
ချစ်ဖွယ်ဓလေ့ပါတကား။ ။

✷ ✷ ✷ ✷ ✷



## စာမျက်နှာ

✱ ငါ့ဘဝ စာမျက်နှာ
ခြစ်ခြုတ်ရာ ဗရပွ။
အရုက်ပွေ ကြက်ခြေခတ်နဲ့
ရမှတ် သုည။

✱ ငါ့ဘဝ စာမျက်နှာ
ခြစ်ခြုတ်ရာ ဗရပွ။
သင်ခန်းစာ မကျေမညက်နဲ့
ပြင်ဖျက်ခဲ့ရ။

✱ ဘဝမြေ အတက်အဆင်း
လျှောက်နင်းလို့ လွှားကာကျော်
ပြင်ဖျက်ရာ အထပ်ထပ်နဲ့
ကျေနပ်တယ်နော်။
ညှံ့ရာက သင့်
သင့်ရာက တော်
ပျော်ပေမယ့် မမော်ရဲ။
အရိပ်ဖွေ
အတိတ်မြေ သုညမို့
ဘဝအသိမြဲ။ ။

✷ ✷ ✷ ✷ ✷

## အပယ်ခံအလှ

❄ ဓနရှိသော်
ခင်မည့်သူတွေ၊ မရှားချေ။

❄ ပညာပြည့်သော်
ခေါ်မည့်သူတွေ၊ မရှားချေ။

❄ အဆင်းလှသော်
ကြင်ကြသူတွေ၊ မရှားချေ။

❄ ဖြူစင်မေတ္တာ၊ စေတနာနှင့်
ကြင်နာတတ်သည့်၊ စိတ်ကောင်းရှိလည်း
ဓနပညာ၊ ဂုဏ်ပါဝါနှင့်
ရူပါအလှ၊ ချူချာကလျှင်
လောကထဲတွင်၊ ဂုဏ်မလွင်ဘဲ
ခင်သူကြင်သူ ရှားတကား။ ။

✷✷✷✷✷



## သူနှင့် ပြည်သူ

✱ ပြောတော့ဖြင့် ဒီမိုကရေစီ
လက်တွေ့မှာတော့ ခရိုနီ။

✱ ပြည်သူတွေက လူ့အခွင့်အရေး
သူက သူ့အခွင့်အရေး။

✱ သူ့အတွေးက အသာစံ
ပြည်သူတွေက အနာခံ။

✱ သူကြံတာက သူ့အကျိုး
ပြည်သူတွေက ပြည့်အကျိုး။

✱ အမျိုးချစ်ဟန် သူဉာဏ်ဆင်
လက်တွေ့မှာတော့ အမြစ်ချိုးချင်။

✱ သူမြော်မြင်တာ သူ့စီးပွား
ပြည်သူတွေက ပြည့်စီးပွား။

✱ သူ့စကား မူမမှန်
မှောက်လိုမှောက်လို့ လှန်လိုလှန်။

❋ သူ့အသံက နောက်ပြန်ဆွဲ
ပြည်သူတွေက ခေတ်သစ်ထဲ။

❋ ပြည်သူထဲမှာ အမြတ်ရှာ
ဈေးကွက်မှောင်ခို ရောင်းဝယ်လာ။

❋ ရေသာခိုတဲ့ အချောင်သမား
တွန်းလှန်ဖယ်ရှား၊ ပြည်သူများ။ ။

✷✷✷✷✷



## မေတ္တာရေကြည်

❖ သူမချစ်လည်း
ချစ်မိစုံမက်၊ ဆယ်ကျော်သက်က
မပျက်ခုတိုင်၊ မယိမ်းယိုင်။

❖ သူမကြင်လည်း
ကြင်ရလွန်း၍၊ သည်ယနေ့တိုင်
မေ့မရပါ၊ ကြင်မြဲသာ။

❖ သူမခင်လည်း
ခင်လွန်းသူက၊ ဖြေမရခဲ့
သောကရင်နွမ်း၊ ဘဝကျွမ်း။

❖ သူမပြုံးသော်
မမုန်းပါဘဲ၊ မပြုံးရဲခဲ့။

❖ သူမခေါ်သော်
ခေါ်ချင်ပါလျက်၊ နေရခက်ခဲ့။

❖ သူကစိမ်းသော်
တိမ်းရှောင်ခဲ့ရ၊ မရှွင်ပျခဲ့။

❖ ရလိုပိုင်လို၊ ထွေးပွေ့လို၍
သူ့ကိုကြင်ရ၊ မချမ်းမြနိုင်
ရာဂချစ်ခြင်း၊ တပ်မက်ကင်းသော
ရိုးစင်းမေတ္တာ၊ စမ်းပမာနှယ်
ရင်မှာယိုကျ၊ ချစ်ခွန်းဟသော်
ချမ်းမြဘဝင်၊ လန်းကြည်ရွှင်
သောကကင်းစင်၊ ပန်းကြာသွင်။ ။

✷✷✷✷✷



## ကိုယ့်အလှ ကိုယ်ဖျက်

* လှိုင်းပုတ်တော့ ကမ်းပြို
ကမ်းပြိုတော့ ရေကြောင်းကော။
လှိုင်းပုတ်ဖြို သည်ဒဏ်ချက်ကြောင့်
ချောင်းပျက်တိမ်ကော။

* ဝါးပွင့်တော့ ဝါးသေ
ဝါးသေတော့ ခြောက်သွေ့နွမ်း။
ဝါးပွင့်မြိုင် ဂုဏ်မာန်ကြွလို့
အလှမလန်း။

* ပေဖူးတော့ ပေပင်သေ
ပေသေတော့ ပေတောသုဉ်း။
ပေဖူးရယ် မိုးမျှော်တလို့
အလှပျက်ပြုန်း။

* ဟန်ထည်ထည် မာန်စွယ်ပြရင်
ကိုယ့်ဘဝ ပျက်လိမ့်မည်။
ကိုယ့်ဂုဏ်ဖော် ကိုယ်ရည်သွေး
ကိုယ်ဘေးဖြစ်သည်။

ကိုယ့်အလှ ပေါ်လွင်ရည်
သည်အမြင် လွန်မိုက်မှား။
ဘဝခြေ ရေတစ်ပွက်မှာ
အလှဖွေ ရွှေတစ်ခက်
ကြွေပျက်ပြီတကား။ ။

✷ ✷ ✷ ✷ ✷



## နီဂုံး အဖြူ

❀ ကြက်ခိုး ဘဲခိုး၊ စရိုက်ဆိုးနှင့်
ရွာရိုးတစ်လျှောက်၊ တုတ်ဓားခြောက်ကာ
ငေါက်ငမ်းဆဲဆူ၊ မလိုသူကို
ငြူစူစောင်းမြောင်း၊ ဂိုဟ်ထိုးကောင်းသည်
ငပြောင်း နီတွတ်၊ စည်းလွတ်ဝါးပျက်
မိုက်ချက်ကမ်းကုန်၊ သောက်စားစုံ။

❀ ရွာကျိုး ရပ်ကျိုး၊ မသယ်ပိုးဘဲ
ဆိုးမြင်ဝါဒ၊ မိုက်လုံးကြွလျက်
အတ္တဖုံးဖိ၊ အမှားငြိကာ
အသိကျဉ်းမြောင်း၊ ယူဆဟောင်းဖြင့်
ကောင်းသမျှကို၊ အပြစ်ဆိုမြဲ
မလိုမလား၊ ဂွသမား။

❀ ကြက်တိုက် ဖဲရိုက်၊ ထန်းရေကြိုက်ကြ
လိုက်ဖက်တွဲညီ၊ လာခဲ့သည်တည့်
နီတွက် ငပြောင်း၊ ပေါင်းသင်းကျင့်ပျက်
ရက်ပြောင်းလကြွေ၊ စိတ်လေလွင့်ကာ
နေအိမ်မကပ်၊ ရွာစဉ်ထပ်။

❁ ညညဆိုလျှင်၊ ရွာအပြင်က
သောင်ပြင်မှုးရိုး၊ အခင်းရိုးမှာ
ပြောင်းခိုး ပဲကောက်၊ ခရမ်းသီးကောက်။

❁ မလိုမုန်းထား၊ ရန်ငြိုးပွားကာ
စံထွား မိပွဲ၊ အခင်းတဲလည်း
ဖြိုလှဲရိုက်ဖျက်၊ သူတို့လက်ချက်။

❁ ရွာမိရွာဖ၊ ဦးသာလှနှင့်
ဦးမြ ဦးပေါက်၊ ဦးဘိုးရောက်တို့
ကောက်ရိုးပုံကြီး၊ မြင့်မောက်ဟည်းလည်း
မီးလောင်ကျွမ်းရာ၊ သူတို့သာ။

❁ ရွာပန်းဒကာ၊ ဦးပေါ်တာ၏
နွားဝါ နွားကျား၊ ပေါင်တင်ပါး၌
ဓားဒဏ်ရာမြင်၊ သူတို့ပင်။

❁ ရွာအိပ်မောကျ၊ ညတစ်ည
လရောင်မှုန်ရီ၊ ကြယ်နီပြိုးပြက်
ကြက်ဖကတောက်၊ လန့်ကြောက် ကျွဲ နွား
ကုပ်ကျားကျယ်လောင်၊ ပြေးလွှားဟောင်သော်
မောင်နီ ငလှ၊ လူးလွန့်ထလျက်
တုတ်ပွ တင်ပွား၊ ရွာသူသားတို့
တုတ်ဓားကိုပိုက်၊ ဝိုင်း၍လိုက်ကြ



လူမိုက်ငပြောင်း၊ ကြက်တွဲလောင်းနှင့်
မြောင်းဘေးမှာဝပ်၊ မောင်နီတွက်လည်း
မလွတ်သာတော့၊ အငိုက်မိရော့။

❁ သြော် စံမြ ငထွား၊ ရွာသူသားတို့
တုတ်ဓား လုံ့ချွန်၊ လက်မလွန်လည်း
ကျူးလွန်ခဲ့ပြီ၊ ပြစ်ရှိသည်ကြောင့်
နီတွတ် ငပြောင်း၊ ချိန်မနှောင်းခင်
လမ်းကြောင်းဖြောင့်ခဲ့ပြီတကား။ ။

✷ ✷ ✷ ✷ ✷

## တစ်မိုးချုပ်ပြီ

❖ ငွေရောင်နဲ့ တထိန်ထိန်
စိန်ရောင်နဲ့ တလက်လက်။
နေချင်ဖွယ် ဘဝမညှိုးခင်တော့
ရွှေစင်ခြယ် အလှတိုး
ပြိုးပြိုး ပြက်ပြက်။

❖ ပုလဲစစ် ရွှဲနှစ်ရည်
တွဲသီကာ ဂုဏ်မာန်မောက်။
အလှစည်ဖြာ
ဘဝတည်ပါသတဲ့
မြနီလာ အရောင်ဟပ်
တဖျတ်ဖျတ်တောက်။

❖ ရွှေကော်ဇော မြပဝါ
ပန်းမွေ့ရာ ဇာခြည်အိ။
ခနငွေ့ အဆင်သင့်ခိုက်
ဘဝမြေ အစဉ်ထင့်
ဘဝင်မြင့်မိ။

❖ လောကခံ လှိုင်းအပုတ်
တဖြုတ်ဖြုတ် သောင်ကမ်းပြို။



ဘဝအသိမွဲသူမို့
အလှရှိဆဲတော့
မြဲသလိုလို။

❖ ခဏတာ
ဘဝဟာ ထွာတစ်မိုက်ပါကလား
အလှရှာ တဏှာအကြိုက်နဲ့
ငါအမိုက် ရွှယ်ရင့်အို
နေညိုပြီ မှောင်ရီပျိုး။

❖ မလွဲပင်
သည်ဝဲတွင် ကေန်မြုပ်မှာမို့
ဟန်ပန်မာန် မလုပ်သာဘု
ချုပ်ခဲ့တစ်မိုး။ ။

✷ ✷ ✷ ✷ ✷

## သူလိုလူ

❁ သူ့ပင်စည်ကို
မှီခိုတွယ်ဖက်၊ အမြစ်ယှက်ကာ
ညွန့်လက်စည်ကား၊ ရွက်ဖားဖားနှင့်
ဝါးမျိုတတ်ကြောင်း၊ ပင်ကျီးပေါင်း။

❁ ထိုနည်းတူလျှင်
သူ့ပင်စည်ဝယ်၊ အမြစ်နွယ်လျက်
တွယ်ဖက်ဝါးမျို၊ ပင်ညောင်ညို။

❁ ဩော် ကျေးဖူးကန်းကာ
သစ္စာပျက်ပြား၊ တရားမရှိ
ကျီးပေါင်းလိုလူ၊ ညောင်လိုလူ
သူလိုလူစား၊ ကြောက်ဖွယ်တကား။ ။

✷✷✷✷✷



## အရှင့်မြတ်ဂုဏ်ရည် အဥ္ဇလီ

✱ မြန်းကြွရ ဓမ္မတာ
ထေရ်ဆရာ ခန္ဓာရွေ့။
ဒကာ ဒကာမ အဘိုးအဖေနဲ့
ရွာ့မျိုးဆွေ အဖြေခက်ပြီဘုရား့
လွမ်းမျက်ရည်ဝေ့။

✱ ဆရာ့အရိပ် ဆရာ့အသွင်
မမြင်ရတော့ပါကလား။
ချိုရသာ ဓမ္မပျားရည်နဲ့
ဆိုပြရှာ ဆရာ့စကားတွေလည်း
ကြားယောင်ဆဲ ဘုရား။

✱ ကျန်ရစ်သူ တပည့်ဒကာများရယ်က
တရားသဘောနဲ့ ဖြေရပြန်။
ငါ အဟုတ် မရှိရယ်လို့
မရဏ နုသသတိကိုလည်း
ပွားဖြည့်ဖန်ဖန်။
ခန္ဓာဇာတ်သိမ်းပြီထင့်
အငြိမ်းဓာတ် မြတ်နိဗ္ဗာန်
စံလေပြီဘုရား့ တရည်တမ်း။

အခက်ပွေ တစ်သက်ဖြေမမေ့သာဘု
ရတက်မပြေ မျက်ရည်ဝေ့ရာက
ကျွမ်းကြွေ့ဆူ တပည့်ဒကာတို့
စေတနာ သဒ္ဓါထူးတွေနဲ့
အဥ္စလီ တင်ချီဖူးလို့ရယ်
ဦးခိုက်ရော်ရမ်း။ ။

(ကျေးဇူးတော်ရှင်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဇနိတ မြစေတီဆရာတော်ဘုရားကြီးအား
ဤကဗျာဖြင့် ကန်တော့ပန်းဆင်ပါသည်။)

✷✷✷✷✷



## အဆိပ်

❖ ချောင်းတဟုတ်ဟုတ်၊ ဦးဘတုတ်လည်း
ထင်းခုတ် ကျွဲမွေး၊ ယာနံဘေးဝယ်
ဆေးအစွဲသောက်၊ ကျင့်မပျောက်။

❖ ချောင်းတဟပ်ဟပ်၊ ဦးသာမြတ်လည်း
လယ်စပ်ချောင်းကြား၊ ဆည်ပိတ်သွားရင်း
ကွမ်းစားဆေးမှာ၊ အစွဲနာ။

❖ ချောင်းတဟန့်ဟန့်၊ ဒေါ်ဖွားခန့်လည်း
ငရုံ့ပတူ၊ မြူရွက်ခူးရင်း
ဆေးပြင်းလိပ်သောက်၊ စွဲမပျောက်။

❖ ချောင်းတဟတ်ဟတ်၊ ဒေါ်မိကြွက်လည်း
ငါးပက် ခရုရှာ၊ ကောက်ပင်ဖာရင်း
ကွမ်းယာ ငုံလိုက်၊ ဆေးဖွာလိုက်။

❖ ဩော် ဆေးသောက်ကွမ်းစား၊ အစွဲထားသော်
သားရေငန်းငန်း၊ နှုတ်ခမ်းပြာပြာ
ရောဂါမျိုးစုံ၊ ဆိုးကျိုးပုံလျက်
ကြုံရ ကြားရ၊ မချမ်းမြနိုင်
တွေးဆ ရင်လေးဖွယ်ပါတကား။ ။

✷✷✷✷✷

## တံခါးဖွင့်

✿ တောကုန်ကြမ်း မြို့ကိုပို့
မြို့ကုန်ချော တောကိုသယ်။
ကုန်ချောနဲ့ ကုန်ကြမ်း
ကူးသန်းယှက်သွယ်။
ကျေးလက်နဲ့ မြို့ပြရယ်
ဖလှယ်လို့ နွယ်နီး။
ကိုင်းကျွန်းမှီ ကုန်စည်ဖြိုး
တိုးတက်ပြီတည်း။

✿ သွားလမ်းသာ လာလမ်းပွင့်
တံခါးဖွင့် ရှေ့ချီမျှော်။
သမိုင်းသစ် တစ်ခေတ်ထွန်း
သွန်းထုပုံဖော်။
မြေပြန့်နဲ့ တောင်ပေါ်
ပျော်စရာ ဆက်သွယ်ရေး။
နေ့ချင်းပြန် အခေါက်ခေါက်
ပေါက်ရောက်ပြီလေး။



✿ ကိုယ့်ထွက်ကုန် သူ့ပြည်တွင်း
တင်သွင်းလို့ ဘယ်မကုန်။
သူ့ထွက်ကုန် ကိုယ့်ပြည်တွင်း
သွင်းခဲ့မျိုးစုံ။
သူ့ကုန်နဲ့ ကိုယ့်ကုန်
ကုန်ဖလှယ် ပေါကြွယ်ဝ။
ချစ်ကြည်ကြည်
ခေတ်မီမီ တံခါးဖွင့်
မြင်ခဲ့ပြီပ။ ။

✷ ✷ ✷ ✷ ✷

## အမွေဆိုးကို ချိုးဖျက်ခြင်း

❄ ဘိုးဘေးကစ၊ ဂုဏ်နိမ့်ကျခဲ့
အဘလက်ထက်၊ အဆက်ဆက်ပင်
ဘိန်းချက် ဘိန်းရှူ၊ အနူနူ။

❄ အဘိုးဘိန်းစား၊ ဘဘိန်းစားခဲ့
သားမြေးဘိန်းရှူ၊ အကြိုက်တူလိမ့်
တစ်ယူသန်မြဲ၊ အရပ်ထဲက
စွပ်စွဲချက်များ၊ အသည်းခါးဖွယ်။

❄ အဘိုးခြေရာ၊ ဘခြေရာကို
ခုခါ မြေးရင်း၊ ကေန်နင်းဟု
အတင်းဆိုဖွ၊ ပြောရက်ကြပြီ။

❄ ငှက်ပျောပင်စိုက်၊ အမျိုးလိုက်သတဲ့
မိုက်ခဲ့အဘိုး၊ ဆိုးခဲ့အဖေ
ပေတေလေလွင့်၊ မြေးအသင့်ဟု
ဖွင့်ဆိုပုတ်ခတ်၊ တရစပ်ပင်
အရပ်ထဲက စွဲချက်များ။



❄ အဘိုးဘိန်းစား၊ ဘဘိန်းစားလျက်
သားမြေးဆက်နွယ်၊ ပျက်စီးလွယ်တဲ့
သိမ်ငယ်သွံ့ဖျင်း၊ ဘိန်းစားသင်းတဲ့။

❄ ဘယ်သို့ဆိုဆို၊ ဘယ်လိုပြောပြော
တွေးတောသတိ၊ ဆင်ခြင်သိလျက်
ကတိသစ္စာ၊ ဆိုဝံ့ပါ၏
စဉ်လာဆိုးညစ်၊ ချိုးပယ်ပစ်ရင်း
မူးယစ်ရှောင်ရှား၊ လမ်းမမှားဘူး
ရိုးသားဂုဏ်တက်၊ မြေးလက်ထက်၌
လင်းလက်ကြယ်သို့ ထွန်းစေမည်။ ။

✷ ✷ ✷ ✷ ✷

## ဆောင်းည

- အဘိုးက နှီးဖြာ
  အဘွားမှာ ပေါင်းတင်းဖုတ်။
  ကြောင်ရွှေဝါ မီးဖိုဘေး
  ကွေးကွေး ကုပ်ကုပ်။

- မြောက်လေညင်း တသွင်သွင်
  ခင်ပုပ်သံ တမြမြ။
  အဘိုးအို ညချင်းပြီး
  နှီးဆယ်ထုပ်ရ။

- ဆောင်းညမို့ ချမ်းမပြေ
  နှင်းတွေဝေ တဖွဲဖွဲ။
  အဘွားအို ပေါင်းတင်းထု
  နုညက်ပြီပဲ။

- ကြောင်ကလေး ရွှေဝါ
  ချမ်းရှာရှာသလား။
  မီးဖိုဘေး မှေးလျက်
  ကွက်မခုပ်အား။

- အဘိုးနဲ့ အဘွားခမျာ
  ရာသက်ပန် ချစ်ရည်မျှ။
  စောင်ထူထူ အတူထွေး
  နွေးတဲ့သည်ည။ ။

✷ ✷ ✷ ✷ ✷

## တရား

❖ ချိန်ခွင်ညှာ
လျှာလျှင်မပြူ၊ တန်းတူညီမျှ
အလှတရား၊ ရှိသည်တကား။

❖ ချင်တွယ်စရာ
ပိဿာဆယ်ကျပ်၊ မူးမတ်ပဲရွေး
အလေးလည်းမှန်၊ တောင်းလည်းမှန်။

❖ သင်နှင့် ငါကား
တရားမဟုတ်၊ အမှားလုပ်သည်
နောက်ဆုတ်ဖို့ရန်၊ အချိန်တန်။ ။

✷✷✷✷✷



## သရုပ်ပျက် သဘင်

✪ တင်ပေါ်ရင်ပေါ် မြင်မတော်ထင့်
စင်ပေါ်မြင့်က သီချင်းဆိုဟန်။

✪ မမြင်ရုံ တင်တုန် ရင်အစုံလှုပ်
အသွင်ဂုဏ်စုတ်ပဲ့ သီချင်းဆိုဟန်။

✪ တိုင်းတစ်ပါးစရိုက် မှိုင်းများတိုက်
ရိုင်းကားလိုက်တဲ့ သီချင်းဆိုဟန်။

✪ ရော့တေးဟစ်လို့ သံသေးသံကြောင်
ပေါ့တေးခေတ်မို့ ဟန်ရေးပြောင်ပြောင်။

✪ သိပ်မိုက်သပ ပြင်ဆင်ပိုပို
ပရိသတ်က ရင်ဖိုဖိုလေ့။

✪ မေးထိုးလည်းမော့ ခါးရင်ကော့လို့
ဖော့ဖော့အပြေး မြူးကြွသဏ္ဍာန်
ကြော့ကြော့ကလေး အထူးလှဟန်။

✪ မြေ ထွေး ကာလသားက
သပြာခနေ မရှားသပ ဆုချသဗျာ
ဝါကြ ကြွားကြ သူ့ထက်ငါသာ။

✪ ငမိုးသာလှ ဦးညိုမြလည်း
အို ပွပွလို့ အရက်လွန်
အရူးထသမို့ အရှက်လွန်လေ့။

✪ သရုပ်ပျက်တဲ့ ပွဲလမ်းသဘင်
အရှုပ်အယှက်နဲ့ ပွဲကြမ်းချင်။

✪ ဆိုကပျော်ပါး မမများက
ကိုးရိုးကားရား ကဲသလားဟယ်
ကာလသားများ အသည်းယားဖွယ်။

✪ ယဉ်ကျေးမှုကွယ်
မြန်မာ့ဂုဏ် မထည်ပြီဘု
သဘင်နွယ် အရှုပ်အယှက်တွေရဲ့
သရုပ်ပျက် မြင်ကွင်း။ ။

✷ ✷ ✷ ✷ ✷



## စာဆိုကန်တော့ပန်း

✦ မိုးဖွဲ့
ဖတ်ခဲ့သမျှ လွမ်းခဲ့ရ၏
ရသဆီနှစ်၊ ခံစားဖြစ်ခဲ့
အားသစ်ကြည်နူး၊ ရှိခဲ့ဖူးသည်။

✦ ဆောင်းဖွဲ့
ဖတ်ခဲ့သမျှ လွမ်းခဲ့ရ၏
ချမ်းမြသလို၊ နှင်းစိုသလား
ထင်မှားထင်ယောင်၊ စောင်ပင်ဆွဲမိ
အားပြည့်ကြည်နူး၊ ရှိခဲ့ဖူးသည်။

✦ နွေဖွဲ့
ဖတ်ခဲ့သမျှ လွမ်းခဲ့ရ၏
မြပုရစ်ခွေ၊ မြူခိုးဝေရီ
''လဲရွှေကကျံ၊ ငှက်သံကညင်း''
ရင်တွင်းကြည်မြ၊ စာရသနှင့်
အားရကြည်နူး၊ ရှိခဲ့ဖူးသည်။

✦ လယ်ဝန်မင်း ဦးစီ
မြဝတီမင်းကြီး ဦးစ။

✦ ဦးကြင်ဥ ဦးစံသူ
ဖိုးသူတော် ဦးမင်း။

✦ မိုးဖွဲ့ ဆောင်းဖွဲ့
နွေဖွဲ့အလှ၊ ရသယစ်မူး
စိတ်ကြည်နူးရင်း၊ ဦးခိုက်မြတ်လေး
သဒ္ဒါဖွေးလျက်၊ ရှေးကအကျော်
စာဆိုတော်သို့၊ ပူဇော်ရှင်ကြည်
အဥ္စလီဖြင့်၊ တင်ချီကန်တော့အပ်ပါသတည်း။ ။

✷✷✷✷✷



## အလင်းငှသူ ပန်းပျိုးသူ

❋ ပန်းပျိုးလို့ အစဉ်ပျော်
မထင်ပေါ် ဆရာ့ဘဝ။
မြေကမ္ဘာ ပန်းတွေဖွေးစေတော့
စေတနာ လန်းကြည်မွှေး
တွေးလို့ ရွှင်ပျ။

❋ ဘဝင်မှာ အစဉ်ဖြာ
အကြင်နာ ရေကြည်သန့်။
အလှဖွေ လမ်းခင်းလို့
ဘဝမြေ ပန်းတစ်ခြင်း
သင်းတပျံ့ပျံ့။

❋ မုဒိတာ ပန်းတစ်ငုံ
လန်းထုံမြ တသင်းသင်း။
စေတနာ ဖြူစင်မြရယ်နဲ့
မြေကမ္ဘာ အစဉ်လှစေတော့
ငှခဲ့အလင်း။ ။

✷✷✷✷✷

## ရှင်သန်ခြင်း

❖ သီလ သိက္ခာ
ဝိနည်းဟာလည်း
သာသနာအသက် ဖြစ်သတည်း။

❖ ချင်းတွင်း ရော
မူးမြစ်ဟာလည်း
မြန်မာအသက် ဖြစ်သတည်း။

❖ တေးအလင်္ကာ
ကာရန်ဟာလည်း
ကဗျာအသက် ဖြစ်သတည်း။
မြန်မာဟူဘိ
ဇာတိပုည၊ ဂုဏ်မာနနှင့်
နိုးထစဉ်ဆက်၊ သွေးမပျက်
အားတက်ရှင်သန်၊ သန္နိဋ္ဌာန်။ ။

✷✷✷✷✷



## မူးမြစ်ရေကြည် သက်သေတည်

❋ ရှုတိုင်းသာစွ၊ မှိုင်းမြရီမှောင်
မိုးထိတိမ်ကြား၊ မြင့်မားမိုင်းသုံတောင်
ဝေးလံသီခေါင်၊ မျှော်ယောင်လွမ်းရ
အရှေ့ဆီမှာ၊ ဝိုင်း၍ကာ
စိမ်းပြာရဂုံ လှသည်နှင့်လေး။

❋ ရှမ်းလေးဒေသ၊ အဝေးကမြင်
ဇီးဖြူတောင်တန်း၊ ရစ်သန်းမြူခိုးလွင်
တောနှင့် တောင်စဉ်၊ ပြာလွင်ညို့မှိုင်း
အနောက်ဘက်ဆီ၊ မှုန်ရီရီ
ဇာခြည်နှင်းငွေ့ ဆိုင်းသည်နှင့်လေး။

❋ တောင်ရိပ်မှိုင်းမှိုင်း၊ တောဆိုင်းဆိုင်းပြာ
တောကြို တောင်ကြား၊ မူးမြစ်ဖျားနေရာ
ရှမ်း ကနန်းရွာ၊ ဗမာနှင့် ကဒူး
တောင်အောက်တောင်ပေါ်၊ အလည်ခေါ်
ပြုံးပျော်ချစ်ကြည်နူးသည်နှင့်လေး။

✱ မြို့ပင်လည်ဘူး၊ ထူးတဲ့အသွင်
မမြင်ဘူးတော့၊ မူးမြစ်ပင်လယ်ထင်
မူးမြစ်ဘေးတွင်၊ အစဉ်အေးချမ်း
စပါးနှမ်းဝါ၊ သီးနှံဖြာ
တောင်ယာလုပ်ခွင် ကျွမ်းသည်နှင့်လေး။

✱ မူးမြစ်သောင်ကမ်း၊ ငါးဖမ်းပျော်ရွှင်
လင့်စောင့်ချိုးပစ်၊ ရစ်ကိုင်းထောင်ကာပင်
ပျားဖွပ်လည်းလျှင်၊ ရွှေကျင် ဆားချက်
မျှစ်ချိုး ထင်းခွေ၊ ကြို့သီးခြွေ
မြွေရှာယုန်လိုက် ထွက်သည်နှင့်လေး။

✱ သမိုင်းမည်းစက်၊ စွန်းကွက်ညစ်ပေ
ဟိုယခင်က၊ ခြေချမူးမြစ်မြေ
ကွန်မြူနစ်တွေ၊ မွှေနှောက်ခဲ့သေး
သွေးစည်းသက်နှံ၊ လက်မခံ
ခေါးလှုံလတ်လတ် ဖွေးသည်နှင့်လေး။

✱ ရွှင်ပျချမ်းအေး၊ သွေးသားရင်းချာ
ကဒူး ကနန်း၊ ရှမ်းနှင့် ဆွေဗမာ
သွေးစည်းခိုင်မာ၊ မေတ္တာမော်ကွန်း
မူးမြစ်ခွေလည်၊ သက်သေတည်
ပီတိလှိုက်ဖြာ ရွှန်းသည်နှင့်လေး။



✱ ကဒူး ကနန်း ရှမ်း ဗမာ
သွေးမကွာ ချစ်ကြည်။

✱ မူးမြစ် စမ်းရေပြာ
ခွေကာ ရစ်လည်။ ။

✷ ✷ ✷ ✷ ✷

## ရတော်ပေစ္စ လူ့ဘာဝ

✪ သူ့ချစ်ခြင်းကို၊ ရယူလို၍
သူ့ကိုချစ်သည် မဟုတ်ပါ။

✪ သူပေးမည်ကို၊ လာဘ်မျှော်လို၍
သူ့ကိုပေးသည် မဟုတ်ပါ။

✪ ရှင်လူကြည်ညို၊ ခံယူလို၍
ကိုယ်ကျင့်စောင့်ခြင်း မဟုတ်ပါ။

✪ စီးပွားလာဘ်မျှော်၊ တိုးစေသော်ဟု
ဂုဏ်တော်ပွားခြင်း မဟုတ်ပါ။

✪ ဟိတ်ဟန်ကြွားဝါ၊ ကျော်ချင်ပါ၍
ဒါနပြုခြင်း မဟုတ်ပါ။

✪ သက်ရှည်ကျန်းမာ၊ စည်းစိမ်ဖြာဖို့
ယတြာကိန်းခန်း၊ ဗေဒင်ကျမ်းဖြင့်
လမ်းပြင်ခဲ့ခြင်း မဟုတ်ပါ။

✪ ကောင်းမှုကောင်းရာ၊ ပြုစွမ်းပါလည်း
ဘာတစ်ခုမျှ၊ မျှော်မတခဲ့



လောကကောင်းရေး၊ နှလုံးအေးစွာ
ပေးဆပ်ရသော်၊ ပြုံးပျော်ပျော်ဖြင့်
ရတော်ပေစ္စ၊ လူ့ဘာဝဟု
တွေးဆကျေနပ်မိတကား။ ။

✷ ✷ ✷ ✷ ✷

## ကြယ်ကြွေအလွမ်း

❄ လွမ်းလိုက်ဆူ မရှင်စိတ်ရယ်နဲ့
ကျွမ်းမြိုက်ပူ ဘဝင်ထိတ်ပြီဘုရား
ပင်ရိပ်ပြို နေအကွယ်သို့
ဖြေမလွယ် ကြယ်ကြွေစောလေခြင်း
နှမြောမိ ကျမျက်ရည်။

❄ နှုတ်မဆက်ရှာ
ရုတ်တရက် မကြုံသာခဲ့
ကံကြမ္မာ အငြိုးပွားလေသလား
ထားခဲ့သူ ထေရ်မဟာကြောင့်
မဖြေသာ ဒကာ ဒကာမတို့မှာ
မယ်ကီသာ ပဋ္ဌာတမျှ
သောကပွေလီ။

❄ ဆရာရှိစဉ်က
နာမိသည် သေအချာပေါ့
ဒေသနာ ဓမ္မအလင်းငဲ့ပြင်
ပျိုးခင်းကာ စာဝါပေနဲ့
သာပါစေ တပည့်တပန်းကိုတဲ့



လမ်းပြလို့ ကြည်နူးသည်
ပီတိနဲ့ ကျေနပ်ဆဲ။
မတတ်သာ
ရပ်ပြဟန်မှာ ထက်ခွင်မြန်းပြီလာ့
မှန်းဆရည် အဥ္စလီနဲ့
တင်ချီကာ ဦးပန်ရှက်လို့ရယ်
(ဒကာ ဒကာမတို့မှာလေ)
ဖူးလျက်ကြေကွဲ။ ။

(ဆရာတော် ဘဒ္ဒန္တသောဘိတာစာရ အရှင်သူမြတ်၏ အဂ္ဂိစျာပနပူဇာသဘင် အမှတ်တရ ရေးဖွဲ့ ပူဇော်ပါသည်။)

✷ ✷ ✷ ✷ ✷

## ရင်ခွင်နွမ်း

✦ အမိကိုပစ်၊ ဖကိုပစ်ကာ
ချစ်သူခေါ်ရာ၊ ကောက်ကောက်ပါသော်
မာတာမိခင်၊ ဖခင်တို့မှာ
ဗျာပါရကြီး၊ မျက်ရည်စီးလျက်
သမီးကိုလွမ်း၊ ဘဝင်နွမ်းခဲ့
ရင်ကျွမ်းပူမြိုက်၊ တလှိုက်လှိုက်။

✦ သမီးအတွက်၊ အိပ်စားပျက်ကာ
ရတက်ပူကြွ၊ မိနှင့်ဖလျှင်
ညှိုးလျပိန်လှီ၊ ဖြေမဆည်။

✦ သမီးရှိရာ
သွားချင်ပါစမ်း၊ ရော်ကာရမ်းလည်း
မစွမ်းသာပေ၊ ဆွေးမပြေခဲ့
တွေးလေမချိ၊ ပန်းရိရိ။

✦ ဩော် အမိရင်ခွင်
ဖ ရင်ခွင်၌၊ မပျော်ပိုက်ဘဲ
မိုက်မဲလေစွ၊ ပြုရက်စွကွယ်
မိ ဖ ကိုပစ်၊ ဆွေမျိုးပစ်ကာ



ချစ်သူခေါ်ရာ၊ ကောက်ကောက်ပါလျက်
နစ်နာလေခြင်း၊ ဖြစ်ဆိုးခြင်းဟု
သတင်းကြားရ၊ ထိုခဏ၌
အဖ ရင်ခွင်၊ မိ ရင်ခွင်
မရွှင်မျက်ရည်၊ ဖြာခဲ့ပြီ။ ။

✷ ✷ ✷ ✷ ✷

## အသိများ

✪ စက္ကန့်တိုင်း ဝါးမျို
အိုနေတာ ငါမသိ။
အိုရမည့် အရေးလည်း
တွေးကြောက်နေမိ။

✪ စက္ကန့်တိုင်း ငါ့ခန္ဓာ
နာနေတာ ငါမသိ။
နာရမည့် အရေးလည်း
တွေးကြောက်နေမိ။

✪ စက္ကန့်တိုင်း ငါ့ခန္ဓာ
သေနေတာ ငါမသိ။
သေရမည့် အရေးလည်း
တွေးကြောက်နေမိ။

✪ အိုနာသေ ပစ္စုပ္ပန်
ရုပ်နဲ့နာမ် မြဲမရှိ။
ဖြစ်ပျက် ဖြစ်ပျက်
စက္ကန့်တိုင်း ဖောက်ပြန်



ခန္ဓာဉာဏ် မရောက်သမျှတော့
သံသရာ ကမောက်ကမနဲ့
ကြောက်စရာ့ သည်တရား
မှားခဲ့အသိ။ ။

✷ ✷ ✷ ✷ ✷

# ဆရာကြီးနှင့် တစ်ခဏ

''မြန်မာကဗျာ
မြန်မာစာသည်၊ မြန်မာတို့၏
ဂုဏ်လည်းမည်၏၊ ဒြပ်လည်းမည်၏။
စိတ်ရှည်ရှည်
ဆင်ခြင်သုံးသပ် ကြည့်ပေးကြပါကုန်''

လေးမြိုင်

❀ အမှတ်တရ
ဆရာ့အော်တို၊ ရေရွတ်ဆိုရင်း
ကြည်ညိုခဲ့ရ၊ လေးစားရ။

❀ ခေတ်ဆက်ဆက်က
မပျက်စဉ်လာ၊ ခိုင်မြဲပါသည့်
မြန်မာမွေနှစ်၊ ကဗျာစစ်ကို
ချစ်မြတ်နိုးပါ၊ စောင့်ရှောက်ပါတဲ့။

❀ မြန်မာမှန်ရင်
ကာရန်ချစ်ပါ၊ မြတ်နိုးပါတဲ့။



❀ မြန်မာစစ်ရင်
အနှစ်ကဗျာ၊ မပစ်ပါနှင့်။

❀ လေးနက်ချိုသာ
ဆရာ့ခွန်းဟ၊ ဩဝါဒတွေ
ကြားရနာရ၊ အားရှိစွ။

❀ ဆရာနှင့်ကြုံ
ဆုံတွေ့ခဲ့ရ၊ တစ်ခဏကို
မှန်းဆရင်မှာ၊ မမေ့သာခဲ့
ဆရာမာစေ၊ သာပါစေဟု
ရေရွတ်ဆုမွန်၊ ရိုကျိုးနွံလျက်
ကျွန်တော် ဦးခိုက်မိတကား။ ။

(တစ်သက်တာ စာပေဆုရှင်ဆရာကြီး ဦးလေးမြိုင်
သို့ ...)

✷ ✷ ✷ ✷ ✷

## တံမြက်စည်း နှစ်လက်

❖ အမှိုက်မြူဖုန်
မွဲညစ်မှုန် အိမ်ဦးခန်း။
တံမြက်စည်း လှည်းကျင်းတော့
ရှင်းသန့်ကြည်လန်း။

❖ အမှိုက်မြူဖုန်
မွဲညစ်မှုန် အိမ်နောက်ခန်း။
တံမြက်စည်း လှည်းကျင်းတော့
ရှင်းသန့်ကြည်လန်း။

❖ တံမြက်စည်း ဖြစ်ရငြား
နေရာကား တစ်နေရာစီ။
နာမည်ပင် တူသော်မှ
ဂုဏ်ကမညီ။

❖ ဘဝဟူသည့်
ဤဥပမာပါပဲ။
လူချင်းတူ
ဂုဏ်မတူ အမြင်စောင်း
ပေါင်းစပ်ရခဲ။ ။

✷✷✷✷✷



## ရင်လေးတယ် ခင်

✿ စိန်ရောင်တောက်လည်း
နေပြောက်မထိုး၊ သဘောရိုး၌
တိမ်ခိုးတိမ်တိုက် မဟုတ်လား ခင်။

✿ ငွေရောင်ကြွလည်း
လရောင်မရှိ၊ ပကတိ၌
မြစ်ဇါရေလွှာ မဟုတ်လား ခင်။

✿ ရွှေရောင်လက်လည်း
ကျိုချက်သန့်စင်၊ မီး၌တင်မှ
စင်စစ်ကြေးနီ မဟုတ်လား ခင်။

✿ အရောင်ထိန်တိုင်း
စိန်ရွှေ ငွေသွင်၊ အဟုတ်ထင်ပြီး
ရင်လှိုက်အောင်စွဲ၊ လွဲကြီးလွဲမှ
ကြေကွဲရှိုက်ငိုနှင့်နော် ခင်။

✿ ပြိုးပြက်ထိန်ဝါ
ပကာသန၊ တဒင်္ဂကို
တမ်းတစွဲမက်၊ ဘဝပျက်မှာ
ခင့်တွက် ရင်လေးမိတယ် ခင်။ ။

✷✷✷✷✷

## ကျေးလက်ရဲ့ ရွှေအိပ်မက်

❄ နှစ်ဆယ့်လေးနာရီ
တို့ကျေးရွာ မီးလင်းရေး
ဆွေးနွေးကြသည်။
မီးလင်းရေး ကော်မတီ
စုစည်းပြီး စိတ်ဓာတ်ကြွ။
တွဲလက်ညီညီညာနဲ့
တို့ကျေးရွာ သာယာရေး
တွေးလို့ ရှင်ပျ။

❄ သဘောတူကြည်ဖြူ
လမ်းကျဉ်းလျှင် လမ်းတွေချဲ့
ဝိုင်းဖွဲ့လို့ကူ။
လမ်းကောက်တော့ အဖြောင့်ယူ
ဘယ်သူမှ မကန့်ကွက်။
သစ်ပင်ကြီး အကုန်ရှင်း
လင်းပွင့်သာလျက်။

❄ ဆီးစောင်းခြံ အကုန်ပယ်
သံဆူးကြိုး သံဇကာကပ်
သပ်ရပ်လှတယ်။



လမ်းလျှောက်ရ ကြည်နူးဖွယ်
ဆိုင်ကယ်တွေ တဝီဝီပြေး။
တို့ကျေးရွာ ခေတ်မီဖြိုး
တိုးတက်ပြီလေး။

❄ မီးလင်းကြေးထည့်ဝင်
စပါးဆန် ကွဲ နွား ရောင်း
ဈေးကောင်းခိုက်ပင်။
အပျိုကြီး မစိန်ရင်
ဆံပင်ဖြတ်ရောင်းလိုက်သေး။
မီးအမြန် ရချင်စမ်း
ချမ်းစိန် မိအေး။

❄ မီးရလို့ ပြုံးပျော်ရွှင်
တို့ကျေးရွာ လင်းထိန်လျက်
အိပ်မက် ရွှေစင်။
ယခင်က စိတ်ကူးယဉ်
ပုံပြင်လို့ ထင်မှတ်မှား။
လက်တွေ့အကောင်အထည်ဖော်တော့
ပုံပေါ်ကာ လျှပ်စစ်မီးတွေနဲ့
လျှံညီးပြီတကား။ ။

✷ ✷ ✷ ✷ ✷

## စာပေစင်မြင့်ပေါ်ဝယ်

❋ ဆရာ ဆရာ၊ ခေါ်ကြပါသော်
ရင်မှာ ပီတိ၊ ဖြစ်မိ၏။

❋ လာပါ ကြွပါ၊ ဆီးကြိုလာသည့်
ဆရာဖြစ်ရ၊ ကျေနပ်စွ။

❋ ဆရာ ဆရာ၊ တ ဆရာတည်း
အင်တာဗျူးသော်၊ ကြည်နူးပျော်။

❋ ဆရာဟုခေါ်၊ ပြုံးပျော်ပျော်ဖြင့်
အော်တိုရေးကြ၊ မှတ်တရ
ရှင်ပျမူရာ၊ ပျူငှာငှာ။

❋ ဆရာ ဆရာ၊ တစာစာဖြင့်
စာပေဆုပိုက်၊ စင်မြင့်၌လျှင်
လှိုက်လှိုက်လှဲလှဲ၊ လက်ဆွဲနှုတ်ဆက်
အားတက်ရှင်လန်း၊ အပြုံးပန်းဖြာ
သိကျွမ်းခွင့်ကြုံ၊ ပီတိဟုန်နှင့်
ဆုံရတွေ့ရ၊ ဂုဏ်ပြုကြသည့်
အားရကြည်နူးဖွယ်ပါတကား။ ။

✷ ✷ ✷ ✷ ✷



## ပင်လယ်ပျော်

✦ ရေစီး ဘောင်ဘင်
မြစ်ပြင်လော၊ မြစ်ပြင်လော။
ဟုတ်တည်း ရောင်းရင်း ရောင်းရင်း
ဟုတ်တည်း ဆွေရင်းဆွေရင်း။

✦ လမင်းဝိုင်းစက်၊ ခေါင်းပြူထွက်
လှိုင်းယက်ဖွာတော့တယ်၊ ဖွာတော့တယ်။

✦ လေပြည်အေးစိမ့်၊ လှိုင်းငြိမ့်ငြိမ့်
လူးလိမ့်လောင်းလှေငယ်၊ လောင်းလှေငယ်။

✦ ပိုက်ကွန်မျှောကာ၊ ကိုတံငါ
ဝမ်းစာရှာရတယ်၊ ရှာရတယ်။

✦ ငါးထွေ ငါးကြင်း၊ ငါးတစ်သင်း
ပိုက်တွင်းမိတော့တယ်၊ မိတော့တယ်။

✦ ငါးတောင်းပြည့်ကာ၊ အားရရှာ
ဝမ်းသာပီတိကြွယ်၊ ပီတိကြွယ်။

✦ ညသန်းခေါင်ယံ၊ အချိန်တန်
အိမ်ပြန်လှတော့တယ်၊ လှတော့တယ်။

✦ သားနှင့် သမီး၊ ချစ်ဇနီး
ဆီးလို့ကြိုကြတယ်၊ ကြိုကြတယ်။

✦ ငါးမီးဖုတ်ကာ၊ ညလည်စာ
မြိန်စွာစားရတယ်၊ စားရတယ်။

✦ ဘဝနွမ်းပါး၊ ရှိသော်ငြား
အားပျက်မညှိုးငယ်၊ မညှိုးငယ်။

✦ ပိုက်ဆွေးကိုပြင်၊ လောင်းလှေနှင်
ခုံမင်မြစ်ပြင်ကျယ်၊ မြစ်ပြင်ကျယ်။

✦ ဘဝနေညို၊ လောင်းလှေအို
စိတ်ပျို့ရွှင်လန်းတယ်၊ ရွှင်လန်းတယ်။

✦ လေသံလော

✦ လှိုင်းသံလော

✦ တက်သံလော။ ။

✷✷✷✷✷



## အမေ့ရွာ

❋ အမေ့ရွာလျှင်
တမာသင်းသင်း၊ ရိုးလယ်ကွင်းနှင့်
စိုက်ခင်းစိမ်းစိမ်း၊ မြရည်လိမ်း။

❋ အမေ့ရွာလျှင်
ညိုပြာထန်းတော၊ ချိုးသံနှောလျက်
ဥဩသံချို၊ ထနောင်းအို။

❋ အမေ့ရွာလျှင်
ကန်သာကြာပန်း၊ ရေခပ်လမ်းနှင့်
လှည်းကြမ်း လှည်းယဉ်၊ သော့သော့နှင်။

❋ အမေ့ရွာလျှင်
မြေလွှာနီနီ၊ မြူခိုးရီလျက်
စေတီဖွေးဖွေး၊ ခေါင်းလောင်းတေး။

❋ အမေ့ရွာလျှင်
ရွာဝင်ညောင်ညို၊ စိမ်းစိုစိုနှင့်
ကျောင်းအို ဇရပ်၊ ပြာသာဒ် စောင်းတန်း
ရေချမ်းစင်ဘေး၊ ကွပ်ပျစ်လေး။

❋ အမေ့ရွာလျှင်
အသွင်ထည်ဝါ၊ မရှိရှာလည်း
ဗိုင်းဝါရက်ကန်း၊ လုပ်ခွင်ကျွမ်းလျက်
ပန်းပျိုးကောက်စိုက်၊ စရိုက်ဖွေးဖွေး
အေးအေးလူလူ၊ ချစ်ကြည်ဖြူကာ
ပူပင်သောက မရှိတကား။ ။

✷✷✷✷✷



## မူးမြစ်ရစ်ခွေ အလှမြေ

❁ ဒိုက်ဝဲမှာ မြှူးထောင်
ရေလယ်ကောင် ငါးများတံ။
ငါးကြောင်းဆန် ငါးအိုက်ပေါက်
ဘကျောက် မောင်သန်း။

❁ ရေစမှာ မျက်နှာဖုံးခုန်
သောင်ခုံစ ငါးမြစ်စိပ်ခြောက်။
ရေစီးမှာ လက်တွန့်ပစ်
ဖိုးချစ် မောင်ပေါက်။

❁ မူးထဲမှာ လှိုင်းချောင်ကာ
မူးထဲမှာ ငါးတက်ပစ်။
မူးထဲမှာ ယက်သဲ့ထိုး
မြအိုး မယ်သစ်။

❁ မူးထဲမှာ ငါးရမ်းကာ
မူးထဲမှာ ဇာထိုး။
မူးထဲမှာ ငါးချုံဝိုက်
ဘထိုက် ငမိုး။

❀ အဖော်ညှိ မူးဆင်း
လင်းပက်ထိုး ပျော်စရာ
မူးမြစ်ကြောင်း သည်မြင်ကွင်း
ရှုခင်းလည်းသာ။
မြေပဲနဲ့ နေကြာ
နှမ်း မုန်လာ ဝေဆာဝင်း။
မူးမြစ်ခွေ စိုက်ခင်းသစ်တွေနဲ့
အလှမြေ ရွှေအနှစ်ပေမို့
အားဖြစ်လေခြင်း။ ။

(မျက်နှာဖုံးခုန်= သဲထဲကျစ်ဝင်နေသော မျက်နှာဖုံးကို ခုန်၍ လင်းပက်ထဲဝင်အောင် လုပ်ရသည်။ ငါးအိုက် ပေါက်၊ငါးမြစ်စိပ်ခြောက်၊ လတ်တွန့်ပစ်၊ လှိုင်းချောင်၊ ငါးတက်ပစ်၊ ဇာထိုး။
မူးဆင်း=မူးမြစ်ကြောင်းထဲငါးရှာနည်းများဖြစ်သည်။)

✷✷✷✷✷



## ပန်းနှင့် လိပ်ပြာ

✱ လိပ်ပြာ ဖြူဖြူ
ပန်း ဖြူဖြူ
ကြူကြူ ရနံ့၊ သင်းပျံ့ပျံ့။

✱ လိပ်ပြာ ပြာပြာ
ပန်း ပြာပြာ
ပွင့်လွှာဖူးငုံ၊ မွှေးပျံ့ထုံ။

✱ လိပ်ပြာ နီနီ
ပန်း နီနီ
လေပြည်ဆော်သွေး၊ ထုံပျံ့မွှေး။

✱ လိပ်ပြာ ဝါဝါ
ပန်း ဝါဝါ
နံ့သာခြယ်သ၊ ရှုတိုင်းလှ။

✱ လိပ်ပြာ ညိုညို
ပန်း ညိုညို
ချိုချိုပျံ့လှိုင်၊ ရနံ့ကြိုင်။

❋ ပန်းနှင့် လိပ်ပြာ၊ ချစ်စရာ
လိပ်ပြာလည်းလှ၊ ပန်းလည်းလှ
ပန်းနှင့် လိပ်ပြာ ခွဲမရ။ ။

✷✷✷✷✷



## တောခလေး မွေ့တဲ့ခင်

✪ ဇနီးကမြို့ကြီးသူ
ဖြူနွဲ့နွဲ့ နုစိုဝင်း။
ကောက်ရိတ်သင် ချွေးစို့ရွှဲ
လယ်ထဲကိုဆင်း။

✪ ပျိုးနုတ်တော့ ဆင်မပြေ
တစ်နေကုန် ပျိုးဆယ်လက်။
ထွန်ရေးငင် ကောက်လိမ်ကွေ့
လက်တွေ့လွန်ခက်။

✪ ကောက်လှိုင်းစည်း ယောင်ချာချာ
ကောက်ရိတ်ရာ တံစဉ်ရှု။
မြို့ပြန်ရန် အိပ်မမက်
မျက်ရည်မကျ။

✪ တလင်းနယ် ပတ်ချာလည်
ဇနီးသည် ခေါင်းမူးသတဲ့။
လှည်းစီးလျှင် ခေါင်းမူးသေး
ဟန်ရေးကနွဲ့။

✪ ထင်းဝါးခုတ် အားမတန်
မာန်ပါပေမယ့် အလုပ်မတတ်။
မပျင်းသာ လိပ်ပြာမလန့်
ကြံ့ခိုင်စိတ်ဓာတ်။

✪ အတိတ်ကံ ရှေးရေစက်
အကြောင်းဆက် ပေါင်းခွင့်ကြုံ။
တောမှာပျော် မြို့ကိုပစ်
ချစ်သက်သေပုံ။
တောအလှ တောရိပ်မြို
ခုံမင်မွေ့ သွင်မညှိုး။
ဆည်မြောင်းပြင်
လုပ်ငန်းခွင် တတ်အောင်သင်မတဲ့
သက်ထားခင် မြို့သူချောရယ်
တောဓလေ့ မြတ်နိုး။ ။

✷✷✷✷✷



## မူးမြစ်ဖျားက အမည်းစက်

❋ ပုဆိုးညစ်မည်း၊ အင်္ကျီပြဲနှင့်
ဖိုးကဲ ငမြ၊ လူရိုးအတို့
ဘဝန္တံနစ်၊ တေလေဖြစ်ပြီ
မူးယစ်သောက်စား၊ မူးမြစ်ဖျားက
မိုက်မှားကျင့်ပျက်၊ အမည်းစက်။

❋ မနက်တစ်ထောင်၊ ညတစ်ထောင်နှင့်
ထောင်ပေါင်းများစွာ၊ ပွန်းပဲ့ကြာသော်
လယ်ပါပေါင်ကြ၊ နွားရောင်းရနှင့်
ဆီမျှမရှ၊ ထမင်းပွဲ။

❋ လင်ဆိုးမယား၊ တဖားဖားပင်
သားဆိုးအမေ၊ တပေပေတည့်
ကြေမွရင်ထဲ၊ မျက်ရည်ဝဲရှာ
ဆန်လည်းဝယ်နိုး၊ ကြွေးဆပ်နိုးနှင့်
ဘိန်းဖိုးပေးရ၊ မလောက်ငသော်
ဒုက္ခကြီးကျယ်၊ မြစ်ပင်လယ်။

❋ မိုက်မိနောင်တ၊ နောင်မှရသော်
ဖြတ်ရမလွယ်၊ အသည်းငယ်ကာ

တွယ်မိခွာခက်၊ အနာပွက်သည်
ကြွက်နီ စံကော့၊ ကြွကရော့

✱ တင်ခ ငမိုး၊ ပြုတ်နိုးနိုးနှင့်
ဖိုးကိုလျှော့ဖြတ်၊ ဘိန်းနှင့်ဖြတ်သော်
မပြတ်သည့်ပြင်၊ ဘိန်းလျှင်ထပ်တိုး
ဖိုးရော ဘိန်းရော၊ စွဲပြီကော။

✱ ဒုံးပေ ကပ်ပေ၊ လူးလိမ့်ဖြေရင်း
ဝေဒနာသည်း၊ မောင်ဖိုးမဲတို့
ကိုက်ခဲနှာယို၊ ရှိုက်ငင်ငိုလျက်
ကိုယ်ပူရေငတ်၊ မခံတတ်တော့
ဖိုးပြုတ်ဖို့ရေး၊ ဝေလာဝေး။

✱ တုတ်ပွ ဖိုးချစ်၊ ငါးဖော့ပစ်လျက်
မူးမြစ်ထဲမှာ၊ ပိုက်မျှောပါလည်း
ညစာမချက်၊ မစားရက်ခဲ့
မနက်ဖြန်တွက်၊ ဖိုးတစ်ဖုံး။

✱ ရွာရိုးတစ်လျှောက်၊ ကြက်ငှက်ပျောက်ကာ
ပေါက်ဆိန်တူးရွင်း၊ ခြင်းတောင်း ဖျာလိပ်
စိတ်မချရ၊ လစ်သုတ်ကြ။

✱ တောင်မူးဆီးတော၊ ချုံပုတ်ပေါ်သော်
ဖိုးတော မောင်ပြား၊ ဖိုးသမားတို့
စားသူရောင်းချ၊ သွားလာထူမို့
ဝင်းမူ ခင်မာ၊ ဖော်မပါဘဲ
ငါးရှာသွားရ၊ မလွယ်လှ။

✱ ဩော် စရိုက်ဖွေးဖွေး၊ အေးအေးလူလူ
ဖြူစင်ရိုးသား၊ မူးမြစ်ဖျားက
လမ်းမှားကျင့်ပျက်၊ အမည်းစက်
စဉ်ဆက်ကာလ ကြာပြီတကား။ ။

(ကြွကရော့= သေသွားသည်ကို ဆိုလိုသည်။
ဘိန်းနှင့်ဖြတ်= ဖိုးကိုဘိန်းနှင့်ဖြတ်သည်။
ငါးဖော့ပစ်= ငါးရှာနည်းတစ်မျိုး။)

✱ ✱ ✱ ✱ ✱

## မူးမြစ်ဖျား ကဗျာဆရာ

✪ ထက်အညာ မူးမြစ်ဖျားက
ကျေးတောသား ကဗျာဆရာ။
စေတနာ ဖြူစင်လန်း
ပန်းပျိုးသူပါ။
ရင်ထဲမှာ လင်္ကာ
ကိုင်းခုတ်ကာ တောင်ယာစိုက်။
ဘူးဖရုံ ပွင့်ငုံကင်း
တျာချင်း တစ်ပိုဒ်။

✪ တဲကလေးပေါ် တစ်မှေးစက်
ဆေးရွက်နဲ့ ဆေးမြစ်စုံ။
ဆေးနွယ်ပင် ဆေးအခေါက်
ဆေးကျောက် တစ်ဖုံ။
ဝါသနာထုံ
စာစုံတော့ အဆင်သင့်။
ဘဝမှာ ထပ်တူကျ
ရခဲ့ အခွင့်။

✪ ယာခုတ်ရင်း ကဗျာစပ်
ကဗျာစပ်ရင်း ဆေးဖော်။



ဆေးကုရင်း ကဗျာရေး
အေးချမ်းရွှင်ပျော်။
ရိုးသားမှု ဂုဏ်သတင်းကျော်
မမော်တတ် မကြွားတတ်။
ဆေးကုရာ ငွေမတောင်း
စိတ်ကောင်းမွန်မြတ်။

✪ လက်တွဲဖော် ဖူးစာဖက်
အိပ်မမက် စိတ်ကူးမယဉ်။
ရင်ထဲမှာ ကဗျာပျိုး
မညှိုး ဘဝင်။
ချိုးကူသံ ခါတိန်ညင်
လွင်ပါရဲ့ သည်ယာခင်း။
ဘဝမှာ ပူပင်မငြိ
အားပြည့်လေခြင်း။

✪ မူးမြစ်ကမ်း နံဘေးမှာလ
တဲကလေး အင်ဖက်ကာ။
သီးပွင့်ငုံ ယာတစ်ကွက်
အားတက်ဖွယ်ရာ။
ကဗျာဆရာ ဆေးဆရာ
ဂုဏ်ရည်မှာ မွှေးတယ်လေ့။

ရွှင်ချိုချို လူပျိုကြီးပေမယ့်
ရင်မဖို တစ်ကိုယ်တည်း
မငြီးမငွေ့။ ။

မောင်ပြည့်စွမ်း (ပင်လယ်ဘူး) သို့
(ဆေးကျောက်= ဆေးတစ်ကျောက်၊ ဆေးတစ်ဖုံ)

✷ ✷ ✷ ✷ ✷



## စာဆိုဆန္ဒ

- ပန်းများငုံဖူး၊ ရဂုံဦးမှာ
  ထုံမြူးပါစေ၊ မွှေးပါစေ။
- လိပ်ပြာရောင်စုံ၊ ပန်းမှော်ရုံမှာ
  ရင်ခုန်နွှေးမြ၊ အိပ်မက်လှစေ။
- ပိတုန်းနှင့် ပျား၊ ပန်းပွင့်ကြားမှာ
  ကစားပျော်မြူး၊ ဝဲပျံကူးစေ။
- တောင်စွယ်တောတွင်း၊ ငှက်တစ်သင်းတို့
  သီချင်းချိုသာ၊ ဆိုကြပါစေ။
- ပန်းနံ့သင်းသင်း၊ လေညင်းညင်းဝယ်
  ပုစဉ်းနီဝါ၊ ပျံသန်းပါစေ။
- လူ့ဘဝလျှင်
  ရခဲပေစွ၊ တစ်ခဏမို့
  ရွှင်ပျသူငါ၊ မြေကမ္ဘာလုံး
  မေတ္တာဖွေးဖွေး၊ နှလုံးအေးလျက်
  ချစ်တေးဝေဝေ၊ သီကျူးစေ
  စာဆိုရင်ထဲ ဆန္ဒခြွေ။ ။

✷ ✷ ✷ ✷ ✷

## လင်းပက်ထိုးဖော်ရေ

❊ ချစ်တဲ့သူငယ်လေ
မူးမြစ်ချောင်းရိုး၊ လင်းပက် ထိုးဖော်ရေ။

❊ သက်ငယ်ရိတ်သွား၊ ဂုံခါးဥဖော်
ထန်းဥတူး၊ ကြည်နူးပျော်လို့
ခေါ်ထူးရွှင်မြူး မဟုတ်လားတော်။

❊ မျှစ်ချိုး မှိုရှာ၊ တောင်ယာစိုက်ပျိုး
မူးမြစ်ဖျားတွင်၊ အားအင်နိုးလို့
ရိုးသားကြိုးစားစို့လားတော်။

❊ သစ်ခေါင်း ပျားဖွပ်၊ ပလူဖွပ်
ဆွပ်ပနီရှာ၊ ယင်မျှားရှာ
ရွှေကျင် ဆားချက်၊ အင်ကြင်းစက်
ပွဲလျက်ကယ် အတူရှာလို့
နေလာခဲ့ကြမဟုတ်လားတော်။

❊ ချောင်းရိုးငါးပက်၊ မြှုံးထောင်လျက်
လင်းပက်ထိုးလို့ပျော်ရဲ့တော်။

❊ မူးမြစ်ချောင်းဖျား၊ အင်းအိုင်ကြား
ငါးရမ်းခဲ့ရ ပျော်သပတော်။



❊ ငါးမြစ်စိပ်ခြောက်လို့
ယောက်သွားရမ်းရ မဟုတ်လားတော်။

❊ ဖားစုန့်တူးလို့
ကြည်နူးခဲ့ရ မဟုတ်လားတော်။

❊ ပုစွန်နှိုက်လို့
ဖားရိုက်ခဲ့ရ ပျော်သပတော်။

❊ ဖားလောင်းထိုးလို့
လယ်ရိုးချောင်းကြား ပျော်သပတော်။

❊ ယက်သဲ့ထိုးလို့
တစ်မိုးချုပ်ရ မဟုတ်လားတော်။

❊ မျက်နှာဖုံးခုန်လို့
လက်ဆုံစားရ ပျော်သပတော်။

❊ အလိုလေ့ အိုင်
ပိုင်သပမောင်၊ တင်ချောင်ခါးမှာဆီး
မူးရေစီးသန်သန်မှာ
စုန်ဆန်ကာ လင်းပက်ထိုးလို့
မိုးချုပ်စေ့လေး။ ။

✷✷✷✷✷

## ခါနွေဆန်း

✦ ဟောင်းရွက်ကြွေ နွေအသစ်
ခွေပုရစ်မြသွင်
ရွှေအနှစ် အလှုလွှင်သည်
အကြွေဆင် ငုံဖူး။
မြိုင်တစ်ကြော တောအစွန်ဝယ်
ညသြတွန် ပဲ့တင်ထပ်မြူး။
ပန်းစုံပွင့် အလှပြိုင်တယ်
မြဂနိုင် မြိုင်ဦး။
ရနံ့ကြိုင် လှိုင်ကြူးလို့
ခိုင်အဖူး ဝေစည်။
ပေါက်လဲဝါ ငုအင်ကြင်းငယ်တို့
ဝါရွှေဝင်း သင်းပျံ့လို့ကြည်။
ပြက်လျှပ်ပြ ဝဠာဆီဝယ်
ပြာရီရီ ရာသီမိုးပေထင့်
ခါမီပျိုး ငြိုးဖွဲ့ဆင်ဟန်
ရှုးလေကထန်
ဆန်းနွေစ အလှုဖန်သည်
မြင်ရပြန် လွမ်းဖွယ်ပလေး။ ။

✷✷✷✷✷



## သည်ယာရိပ်

❁ ကိုဖိုးမာ ယာနံဘေးက
ခွေးဟောင်သံ သဲ့သဲ့လွင်။
ဦးဖိုးခြံ့ ကိုသံချောင်းတို့
ယုန်မောင်းပြီထင်။
ဒီးဒုတ်သံ တလွင်လွင်
ခင်ပုပ်က တမြူးမြူး။
လပြာသို ရာသီပြောင်း
ဆောင်းညဥ့်ယံဦး။

❁ မအူအိုင် ဖွန်းကော်ချောက်က
ရှေ့နောက်ဆင့် မကြာမီ။
တူမီးသံ ချက်ဆင့်တွဲ
ပေါက်ကွဲလို့မြည်။
ဝါသနာတူညီ
မောင်နီနဲ့ ကံတင့်။
သီးစားပင် ချေလင့်ချောင်း
ချက်ကောင်းပြီထင့်။

❁ ကျားချေးပင် ချောက်ကမ်းပါးက
စကားဆို တီးတိုးညံ့။

ကျောက်လုံးတို့သား ဘနွေး
ပွေးကိုင်းဖော်ပြန်။
ချမ်းမြမြ ဆောင်းညဥ့်ယံ
အအေးဒဏ် ခံနိုင်ကြ။
ရစ်အိပ်စင် ကြောင်လည်စိုင်း
ညတိုင်းပေပ။

✿ စာဆိုမှာ ကဗျာရေး
မီးဖိုဘေးက ဘယ်မခွာ
လေမလုံ တဲပျက်နွမ်း
ချမ်းမပြေပါ။
နေလာခဲ့ သက်တမ်းကြာ
သည်ယာနဲ့ သည်တောင်တော။
ခွင့်မသာ ရွာနဲ့ဝေးသော်လည်း
ရင်ဖွင့်ကာ ကဗျာတေးရယ်နဲ့
တောင်တောသာယာ နံဘေးမှာ
အေးချမ်းပျော်မော။ ။

✷ ✷ ✷ ✷ ✷



# အဘိုးနှင့် လှည်းအို

✦ လှည်းသံပတ် ဒေါက်တံဘက်
လှည်းဝက်စွယ် ကျိုးနေသည်။

✦ အဘိုးရဲ့ လှည်းယဉ်လေး
ပျက်ဆွေးကြာရှည်။

✦ အဘိုးလည်း အိုရှာပြီ
မတည်မြဲပါကလား။

✦ ပျက်ယွင်းယို သဘာဝ
အနိစ္စ တရား။ ။

✷ ✷ ✷ ✷ ✷

## ဝါကျွတ်ည

❁ တူရာသီ ကျွတ်သီတင်း
ကြယ်မင်းတဲ့ အဿဝဏီ
ထွန်းထိန်ခဲ့ပြီ၊
မြူတိမ်ကင်း ကောင်းကင်ကြည်
ယုန်စန္ဒီ ရွှန်းလဲ့ဝင်း။
ကျီးတာရာ ရောင်ရှိန်လွန့်
ကွန့်မြူးလို့လင်း။

❁ ပန်းဗေဒါ ရွှေကြာဖူး
ထူးတင့်လှ မြကန်သာ
ကြည်လဲ့ရေပြာ၊
သည်ချိန်ခါ
စဉ်အလာ မပျက်နွမ်း။
မီးမြင့်မိုရ် ပူဇော်ပွဲ
နွှဲပျော်လို့လန်း။

❁ သက္ကစ္စာ ဂါရဝ
ပူဇော်ကြ သဒ္ဓါဖြူ
မြတ်ကုသိုလ်ယူ၊
သက်ကြီးသူ



ညစ်ကြေးဖြူ ခေါင်းလျှော်ဆေး။
ဝါကျွတ်မှာ ဒါနပြု
ဥပုသ် ဆွမ်းကျွေး။

❁ မြတ်သံဃာ ပဝါရဏာပြု
ခါ ယခု ကြုံကြိုက်လာ
ထူးတဲ့ မင်္ဂလာ၊
မြတ်ဗုဒ္ဓါ
ဝတိံသာက လူ့ရွာဆင်း။
အဘိဓမ္မာ အခါတော်ည
ဝါလ လွတ်ကင်း။

❁ မြတ်ဗုဒ္ဓ အမွေနှစ်
ချစ်မြတ်နိုး မပျက်ပြယ်
ထိန်းသိမ်းမှုကွယ်၊
ကိုယ့်ရိုးရာ ကိုယ်ခင်တွယ်
ဂုဏ်ယူဖွယ် ကိုယ့်အလှ။
ပြောစည် တညံညံနဲ့
မီးပုံပျံ အပြိုင်လွှတ်
ဝါကျွတ်တဲ့ည။ ။

✷ ✷ ✷ ✷ ✷

## အမေ သာစုခေါ်ပါလေ

❖ အိမ်ဦးက ဘုရားစင်
ပန်းတစ်ခိုင် ဆွမ်းတစ်ခွက်နဲ့
သောက်ရေခွက်ပြင်။
အရုဏ်ဦး ဆွမ်းတော်တင်
ဖြူသန့်စင် သဒ္ဓါဖြိုး။
အမေအို ကုသိုလ်ပြု
ကောင်းမှုတွေပျိုး။

❖ အိမ်ဦးက ဘုရားစင်
အမွှေးတိုင် ရေချမ်းနဲ့
ပန်းဆီမီးဆင်။
ညဦးမှာ ပွားမဂ္ဂင်
အမေလျှင် ကြေးစည်ထု။
အမျှဝေ ဂုဏ်တော်ပွား
ဘုရားဝတ်ပြု။

❖ အိမ်ဦးက ဘုရားစင်
သောက်တော်ရေ ကြည်စင်မြ
နေ့ည အစဉ်။



ရွှန်းမြမြ သဒ္ဒါငင်
အလေးအမြတ်လျှင် ဝတ်မပျက်။
ရေအကျိုး ဆယ်ပါးတဲ့
အမေ့ရဲ့ နှုတ်ချိုပျား
စကား လေးနက်။

❖ အမေအို ဂုဏ်တော်ပွား
ဘုရားစင် ပန်းတွေဝေ
သားမြေးစဉ် ဝတ်မပျက်
ဆက်ခဲ့ အမွေ။
အမေဆုံးတာ ကြာပြီလေ
အမေကိုဖြင့် ရမ်းရော်ခု။
အမေ့ကိုယ်စား
ဘုရားစင် တရားဆင်လို့
ပွားမဂ္ဂင် ကုသိုလ်အမျှကိုလ
သားလျှင်ဝေကာ ငှမိတယ်
အမေရယ် ခေါ်ပဲ့ သာဓု။ ။

✷✷✷✷✷

## ရေကြည်ဖျန်းပက် လန်းလျက်အစဉ်

❄ နမ်းမားချောင်း ရစ်ခွေခွေ
မူးမြစ်ရေ သွင်သွင်စီး။
စိမ့်စမ်း မြောင်လျှိုနဲ့
တောင်ညိုညို တောထပ်ထပ်
ကွေ့ပတ် ခရီး။

❄ မူးမြစ်ပြင် သဲနုန်းမြေ
နေကြာနဲ့ မုန်ညင်း။
ဖူးပွင့် နီဝါဝါနဲ့
ကြည်ပြာပြာ မြရောင်တောက်
ဖြိုးမောက်လို့ဝင်း။

❄ တောမြို့ကလေး ချစ်စရာ
မူးဘေးမှာ အနေကျ
အသွင်မထည်ရှာတဲ့
ခင်တွယ်စရာ ပင်လည်ဘူး
ထူးတဲ့ နာမ။

❄ မြို့ဝန်းကျင် မြရောင်ခြယ်
လယ်ယာမြေ စိုက်ကာပျိုး။



စပါးနှံဖြာ
ထွားသန်ကာ ရွှေရောင်ဖိတ်
ပြည့်ရိက္ခာတိုး။

❄ မြို့ဦးမှာ ကုသိုလ်ပွားဖို့
စော်ဘွားဘုရား ဖူးတွေ့မြင်။
သာသနာ့အကျိုးရည်မျှော်
ပုံမောင်းသံ စည်ဆော်လို့
ရွှေကျောင်းတော် ကျက်သရေတင့်
ဝင့်ထည်သစ်လွင်။
မမြင်ဘူးလေတော့
မူးမြစ်ကို ပင်လယ်ထင်
ဟို ယခင်ဆိုကြ။
ခုနေခါ
အဲ့ထဲ့က ကျောင်းတော်သာရဲ့
ဆရာ့ ဆရာတွေ အလင်းပြ
သုတကြွယ်ဝ။

❄ အဲ့ထဲ့က အခြေပြု
ရွှေရတု တိုင်ခဲ့ပြီ။
အသွင်မထည်ပေမယ့်
အမြင်ကျယ် ပင်လည်ဘူး
မြူးကြွ ရွှင်ကြည်။

ကျောင်းရိပ်မြေ ခိုလှုံမှီ
ပွင့်ဝေစည် ပျိုးပင်များ။
ဆရာ ဆရာမတွေရဲ့
ပြုံးပြ အကြင်နာနဲ့
စေတနာ ရေကြည်ဖျန်း
လန်းလျက်ပါလား။ ။

(ပင်လည်ဘူးမြို့ အ့ထ့က ရွှေရတုသို့)

✷✷✷✷✷



## ရေခက်

✦ မလှဝင်း မုန်ညင်းချဉ်
မတင်မြ လယ်ကြားငါး။
မဝင်းမြိုင် မဲဇလီနဲ့
မစမ်းကြည် ပုစွန်ဟင်း
ထမင်းလက်ဆုံစား။

✦ လေးယောက်ဖွဲ့ဆုံ
ငြင်းခုံလို့ ရယ်မော။
စွာကျယ် စွာကျယ်နဲ့
ရွာလည်ကာ ဆယ်အိမ်ကြား
စကားလုပြော။

✦ အားအားရှိ ပျင်းစရာ
သရေစာ လုပ်စားတတ်။
စောင်းလျားသီး များများသုတ်
ငရုတ်သီးကစပ်။

✦ ရိပ်သာလည်း အတူဝင်
ဆွမ်းကျွေးလျှင် အတူသွား။
ဓမ္မစကြာ အတူရွတ်
ညီညွတ်စိတ်ထား။

✦ ကောက်စိုက်လည်း အတူနော်
ကောက်ရိတ်သော် အတူသွား။
ကောက်သစ်ဆွမ်း အတူကပ်
မြတ်ကုသိုလ်ပွား။

✦ တစ်ယောက်က မရှင်
တစ်ယောက်လျှင် စိတ်ကြေနွမ်း။
သောကဆူ အပူယှက်
ကူးစက်ရင်ကျွမ်း။

✦ အတိတ်မြေ ရှေးရေစက်
အကြောင်းဆက် ဆုံတွေ့လာ။
တစ်ဦးအပေါ် တစ်ဦးချစ်
နှစ်နှစ် ကာကာ။
ပြောမနာ ဆိုမနာ
ဆဲမနာ စရိုက်ဖွေး။
အစဉ်သာ ဘဝလမ်းမှာ
အကြင်နာ မျှကမ်းလို့
ချမ်းမြေ့ ကြည်အေး။ ။

✷ ✷ ✷ ✷ ✷



## အဘိုးရဲ့ တောင်ယာ

❋ ကျွန်းတပ်တိုင် ပကာရိုက်
စည်းခြံဝိုက် ခိုင်ခံ့စွာ။
လင်းကဆင် တုံးတင်ခတ်
ကြက်နင်းကပ်ကာ။
အဘိုးရဲ့ တောင်ယာ
ဝေဖြာလွှင် မြရည်လောင်း။
ခဝဲ ကင်းပုံနဲ့
ပဲစင်းငုံ နံနံ စမြိတ်
ပဲလိပ်ပြာကောင်း။

❋ အားသစ်ဖွယ် လှမ်းမြင်ရ
ပဲစက ပဲနောက်ပင်။
ပန်းမုန်လာ ပြောင်း ခဝဲ
မတ်ပဲ စုံလင်။
ပဲကျားနဲ့ ဖရုံစင်
ချဉ်ပေါင်နဲ့ ကန်စွန်း။
သခွား ကိုက်လန်နဲ့
စပါးနှံ ရွှေရောင်တောက်
ဖြိုးမောက်လို့ရွှန်း။

❋ နှစ်ရှည်ပင် သနပ်ခါး
ပျားလီမွှော် လက်ဖက်ပင်။
တောင်စောင်းမှာ ငှက်ပျောစိုက်
သိုက်မြိုက်စည်ပင်။
ကြံဒဂါး နာနတ်ပင်
အောင်မြင်လို့ စည်ကား။
နှမ်းပန်း နေကြာတို့
ဝေဆာလွှင် ပွင့်ငုံဖူး
ကြည်နူးဖွယ်တကား။

❋ တောင်အဆွယ် ဘေးတစ်ဖက်
အင်ဖက်မိုး အင်ဖက်ကာ။
အဘိုးရဲ့ ယာတဲလေး
အေးချမ်းသာယာ။
ကြက်သားပေါက် တစ်ရာ နှစ်ရာ
နွားညိုပြာ တစ်ရှဉ်း။
ခွေးညိုမ သားမိတွဲ
တဲ အန္တရာယ်ကင်း။

❋ အဘိုးရဲ့ တောင်ယာသက်
အဘိုးထက် သက်တမ်းရှည်။
ဘိုးဘီဘင်လက်ထက်က
ပေးဆပ်ခဲ့သည်။



မပျောက်ပျက် အမွေတည်
နှစ်အရှည် ခိုင်ခံ့ရေး။
ယာစည်းခြံ မပျက်ကျိုးပါမှ
ယာသီးနှံ အထွက်တိုးပေလိမ့်
အဘိုးမျှော်တွေး။ ။

✷✷✷✷✷

## မဂ္ဂင်လမ်းပေါ်မှာ

❄ လောဘဖြစ်လည်း
ဖြစ်ဆဲခဏ၊ ပျက်ပြန်ရဟု
နောက်ကအသိ၊ မြဲသတိ။

❄ ဒေါသဖြစ်လည်း
ဖြစ်ဆဲခဏ၊ ပျက်ပြန်ရဟု
နောက်ကအသိ၊ မြဲသတိ။

❄ ရှေ့စိတ် ပေါ်ပျောက်၊ နောက်စိတ်နှင့် ရှု
ခုပစ္စုပ္ပန်၊ ရုပ်နှင့် နာမ်လျှင်
အမှန်ဖြစ်ပျက်၊ ရှုပွားလျက်
မဂ္ဂင်လမ်းပေါ်၊ ငါမွေ့လျော်။ ။

✷✷✷✷✷



## အပယ်တွင်း ဆင်းသူများ

✦ မပျောက်နွား
သည်နွားနှင့်လျှင်၊ ထွန်ရေးငင်။

✦ ထာဝရနွား
သည်နွားနှင့်သာ၊ ထင်းဆွဲလာ။

✦ အစဉ်ပင်နွား
သည်နွားရှဉ်းနှင့် တလင်းနယ်။

✦ အပွေးရံ နွား
သည်နွားရှဉ်းနှင့် အငှားလိုက်။

✦ ချက်လုံးနွား
သည်နွားရှဉ်းနှင့် သစ်ဝါးတိုက်။

✦ ခိုင်းခွင်မဝင်
အိုလျှင်ဆက်ဆက်၊ လိုင်းဈေးကွက်ထဲ
ဟင်းတွက် ဈေးဖြတ်၊ မလေလပ်အောင်
သားသတ်ရုံသို့၊ အရောက်ပို့။

✦ ရောင်းရငွေကို
နွားပျို နွားလား၊ မပျောက်နွားဟု
နွားစားဝယ်ရင်း၊ လူညံ့ဖျင်းတို့
ကိုယ်ချင်းမစာ၊ ရက်စက်စွာ။

✦ ဩော် တင်ပါးသားလှီး
နွားအို နွားကျ၊ အသက်ချကာ
ဗာလနံ့များ၊ နွားကစားရင်း
ဟင်းစားပေါ်လိုက်၊ တွက်ခြေကိုက်လျှတ်
ကျွမ်းစိုက်အပယ်တွင်းခုန်ဆင်းပြီ။ ။

✷✷✷✷✷



## မော်ဒန်နှင့် ဂန္ထဝင်

❋ ''ပေါ် ပေါ် ပေါ် မလုံ မလုံ''
ခေတ်ပေါ် တေးတစ်ပိုဒ်
သည်းလှိုက် ရင်ခုန်။
မနက်ဖြန် သူ့ခေတ်ကုန်
သူ့ဂုဏ်ရည် မပြောင်ဝင်း။
တောင်ငွေ့ တိမ်မင်သို့
တလွင်လွင် တစ်ခဏ
ပြယ်ရလေခြင်း။

❋ ''မင်းဂံဘုတ်'' ရွာ
''လက်ရည် တစ်ပြင်တည်း''
''အသီးတစ်ရာ အညှာတစ်ခု''
''စာဥ'' သီချင်းလည်းပါ။
''တမာလမ်းကို ပြန်ခဲ့ပါ''
ရင်မှာတဲ့ မြတ်နိုး။
''ကျေးစေတမန်''
ဂန္ထဝင် အလှသစ်
ဘယ်ခေတ်မှ မရိုး။ ။

✷✷✷✷✷

## ပကာ

✪ မသိဘဲ သိဟန်ဆောင်
သိသယောင် နှုတ်ဆိုဟ။
တကယ်ဆို ဝမရှိ
ဝိလုပ်သူပ။

✪ မတတ်ဘဲ တတ်သလို
တတ်ယောင်ဆို ဝါကြွား။
လက်တွေ့မှာ မစေ့စပ်
လူ့တတ်ယောင်ကား။

✪ မဖြစ် မျက်ကွယ်
လူ့မလည်ရှုပ်။
လူတောထဲ ဆောင့်ကြွားကြွား
အသားသူလုပ်။

✪ စကားစုံ တွင်တွင်ပြော
ဆင်မချော သူ့ဟိတ်ဟန်။
လူတောထဲ ကြည့်မရ
မူက မမှန်။
လူပြော မသန်
လူသန် မပြော။



လက်ရှိမှာ အကာ
မူရာရာ အနှစ်မဲ့လေတော့
သူ ငါငါ အပြစ်ဖွဲ့
ရွဲ့ကြပြီကော။ ॥

✷ ✷ ✷ ✷ ✷

## ခက်ဆစ်

✦ အသားမည်း
ပတ္တမြားခဲနဲ့တူ။
အသားတော် ညိုပြာညက်ကယ်
နန်းတော်ဆက်တစ်မူ။
အသားဖြူ
အလကားလူကွဲ့။
စကားပုံ ဆိုရိုးရှိ
ကြားမိပြန်ရဲ့။

✦ စိန်ကဲခတ်ရတာထက်
လူကဲခတ်ဖို့ ခက်တယ်။
နှုတ်ချိုရင် လျှိုတစ်ပါးတဲ့
ကြားဖူးပါ့ညယ်။
အပြောကောင်းသူသည် လိမ်တော့မယ်
ကွယ်တို့ရယ် သတိထား။
''အလှူပွဲသွား
မကူဘဲစား
ဘယ်သူလဲဗျား''။



✦ သောကြာလူမျိုး စကားအိုး
အမျိုးကမသန့်
သိုးနန့်နန့်တဲ့လေ။
စနေ သားသမီး
စိတ်ကြီးသတဲ့ဟေ။
ကြားမိရဲ့ စကားပုံတွေ
ဘာတွေလဲသိဘူး။
တငိုင်ငိုင်
မပိုင်နိုင် အနက်ဝေးတာကြောင့်
စာဆိုမှာ ခေါင်းရှုပ်ထွေး
အတွေးပတ်ချာမူး။ ။

✷✷✷✷✷

## ရှောင်လေဝေးဝေး မူးယစ်ဆေး

❖ အန္တရာယ် မူးယစ်ဆေး
ဝေးဝေးက ရှောင်ကြပါ။
တွယ်မိလျှင် အခွာခက်
ပွက်ရအနာ။
သားမယား မငဲ့ညှာ
မိဖပါ မလေးစား
ငွေမပေးလျှင် ခိုက်ရန်ပြု
လုယက်ရမ်းကား။

❖ အစွဲကြာ အနာရ
ဘဝပျက် ပန်းတိုင်ကွယ်။
စိတ်ဓာတ်နုံ့ စမ်းတဝါး
လမ်းမှားယောင်လည်။
အပြင်ခက် အမှားလွယ်
အားငယ်ကာ အပူကပ်။
လူဖြစ်ရ အညွန့်တုံး
အရှုံးရလဒ်။



❖ အလှမှိန် ရေတိမ်နစ်
ခေတ်မျက်စိ တွယ်ခဲ့ပေ။
အရပ်ထဲ ဝင်ဆံ့ခက်
ရှင်လျက်နဲ့ သေ။
အရင်းစစ် အမြစ်ဖွေ
တွေးလေလေ မချိ။
တစ်ပါးကျွန် နယ်ချဲ့ရိပ်ရဲ့
အဆိပ်မှိုင်းမိ။

❖ အတိတ်ကို ခဝါချ
ဘဝသစ် ထူထောင်ပါ။
သမိုင်းသစ် ခေတ်စနစ်
လမ်းသစ်ဖောက်ရာ။

❖ အမှားမြူကင်းစင်ကွာ
အနာဂတ် သာယာရေး
အမျိုးဂုဏ် ကိုးယုံချစ်
အားသစ်တွေမွေး။

❖ လူသားကို အမျိုးတုံးစေမယ့်
အဆိုးဆုံး ရန်သူ။
ဝိုင်းဝန်းကူ ချိုးချေဖျက်
ယုံကြည်ချက်တူ။

မြေပြန့်သား တောင်ပေါ်သူ
ချစ်ကြည်ဖြူ သွေးစည်းစို့။
တွဲလက်ညီညာညာနဲ့
တို့ပြည်ရွာ မူးယစ်ကင်းအောင်
ရှင်းကြပါစို့။ ။

✷ ✷ ✷ ✷ ✷



## မနက်ဖြန်အောင်ပွဲ

✪ အန္တံအနာ၊ ခံယူပါရင်း
ငါသာရှေ့က၊ ထွက်ခဲ့ရလည်း
နောက်ကမလိုက်၊ ဘေးတိုက်ဖီလာ
ကျွဲသာပွားသူ၊ တချို့လူ။

✪ အရင်းကထမ်း၊ ပင်ပန်းကြီးစွာ
ငါလျှင်ရှေ့သွား၊ နစ်နာငြားလည်း
အဖျားကရွက်၊ လျော့ပက်ပက်နှင့်
တွက်ရေးကျေသူ၊ တချို့လူ။

✪ "ရေနက်ကလိုက် လင်းပက်စိုက်"
အင်တိုက်အားတိုက်၊ ဦးဆောင်ခိုက်ဝယ်
နောက်လိုက်မမှန်၊ အကောက်ဉာဏ်ဖြင့်
ဝေဖန်ပုတ်ခတ်၊ မကျေနပ်စွာ
ကတ်တီးကတ်ဖဲ့ တချို့လူ။

✪ အများကောင်းစေ၊ ဆန္ဒခြွေရင်း
စေတနာပျိုး၊ ရွက်သယ်ပိုးလည်း
အကျိုးမထင်၊ အငြိုးဆင်ကာ
ဆိုးမြင်စိတ်ကွက်၊ ဖျက်လိုဖျက်ဆီး
ကပြက်ကချော် တချို့လူ။

✪ အများကျိုးသယ်၊ ကိုယ်ကျိုးဖယ်ကာ
ရှေ့ဝယ်မတ်မတ်၊ ငါလျှင်ရပ်အံ့
စိတ်ဓာတ်ညီတူ၊ တချို့လူနှင့်
ကြည်ဖြူလက်တွဲ၊ ချီတက်ရဲပြီ
အောင်ပွဲဆက်ခံ၊ မနက်ဖြန်
အောင်လံလွင့်ထူလိမ့်တကား။ ။

✷✷✷✷✷



## မြေးအနှစ်

❁ ဟလို ဟလို
ဖုန်းဆက်မယ်ဆိုတော့။
ဖုန်းကိုကိုင် နားမှာကပ်
တတ်လိုက်တာနော့။

❁ တီဗွီရှေ့ထိုင်
ကွန်ထရိုးကိုင် မြူးကြွကြွ။
အတုမြင် တတ်လွယ်သေး
မြေးငယ်အလှ။

❁ ဓာတ်ဘူးကို ဆွဲယူ
ရေနွေးပူ သူမတွေး။
မြင်ရာရာ သူလက်ကမ်း
စူးစမ်းချင်သေး။

❁ မှန်ခုံရှေ့ဝင်
ပါးပြင်ကို နံ့သာလူး။
တဒုံဒုံ ဇလုံမြောက်
တီးခေါက်လို့မြူး။

❀ သားအချစ် မြေးအနှစ်
တွေးစစ်တော့ မှန်သည်သာ။
အဘိုးမှာ မြေးဦးမို့
ရှူးမတတ်ပါ။
ချစ်မဝ အသည်းညှာ
အဘိုးရင်မှာ စမ်းရေအေး။
အဘိုးရင်ခွင်
အပြေးကလေး ခိုဝင်လို့
အဘိုးပါးပြင် တွန့်ခွေလိပ်ကို
ဆိတ်ဆွဲကာ ဆော့ကစား
အာဘွားတွေပေး။ ။

✷✷✷✷✷

## ဝက်ပါ ခရီး

❄ တစ်တောင်ကိုကျော်
ရေကြည်တော် တစ်ခွက်။
မရှင်သာ
ဝင်္ကပါ ခရီးကြမ်းစေတော့
ဘဝင်မှာ မငြီးစတမ်းသာပ
မယ်မဒ္ဒီ ရေကြည်ကမ်း
ချမ်းမြတစ်သက်။

❄ တစ်တောကိုဝင်
ပင်ရိပ်ခို တစ်ခဏ။
ခိုင်ပန်းဝေဖြာ
မြိုင်လမ်း ဟေမဝါမို့
သွေမကွာ နောက်တော်ပါးဆီက
ဖဝါးမကွာ ကူမဖေးပါလို့
ချွေးသိပ်ပြန်ရ။

❄ မဒ္ဒီခင်
ကြည်ရွှင်ခဲ့ သဒ္ဒါတရား။
ချစ်ခရီးမြေ
သစ်သီးခြွေ ပါရမီဖြည့်ပါရ
ရွှန်းပီတိပွား။ ။

✷✷✷✷✷

## ရောင့်ရဲခြင်း

❋ လယ်ယာမိုးမြေ
အခြေခံနည်း၊ ဥစ္စာမွဲတော့
ဝက်လည်းမွေးရ၊ ရွှေကျင်ရနှင့်
ဝမ်းဝဖို့ရေး၊ မလွယ်သေး။

❋ တဲကုပ်ကုပ်ဝယ်
သမုဒ္ဒရာ၊ ဝမ်းတစ်ထွာတွက်
ရှာရဖွေရ၊ မလောက်ငနိုင်
ဘဝရေပွက်၊ လျှပ်တစ်ပြက်မှာ
မရှက်စကောင်း၊ ပြေလည်ကြောင်းသာ
မကောင်းလည်းပြုံ၊ ကောင်းလည်းပြုံ။

❋ လယ်ကြား ချောင်းကြား
ငါးလည်းရှာရ၊ ဖားရိုက်ရနှင့်
သီလမပြဲ၊ ဒါနနည်းခဲ့
ရင်ထဲအမှန်၊ သဒ္ဓါသန်လည်း
ဆီဆန်လှူရ၊ လိပ်ပြာမလု။

❋ နိမ့်ကျနွမ်းပါး
ဝတ်စားမပြောင်၊ စိန်ရောင်မတောက်
ရွှေပြောက်မခြယ်၊ ဂုဏ်မထည်လည်း



ယောင်လည်စမ်းဝါး၊ လမ်းသလားကာ
သောက်စားမူးယစ်၊ နှံ့မနစ်ခဲ့
ဆွေစစ်မျိုးကြား၊ သားမယားနှင့်
အငှားကောက်စိုက်၊ ယုန်ကြောင်လိုက်ရင်း
ဖားရိုက် ငါးရှာ၊ မူးမြစ်မှာ
ယာခုတ်ထင်းခွေ၊ နေဆဲလေ။ ။

✷✷✷✷✷

## ထေရ်မဟာအလွမ်း လင်္ကာပန်း

✦ မဖြေသာ
ဝေဒနာ ရုတ်တရက်ကြောင့်
ထေရ်ဆရာ နှုတ်မဆက်သာဘု
ဖျက်ခနဲ ခန္ဓာကြွေ။

✦ မြတ်ကျမ်းဂန်
တတ်ကျွမ်းအမှန် ထေရ်ကဝိပေပေါ့
မှတ်စွမ်းဉာဏ် ရေအပြည့်နှယ်သို့
တပည့်သံဃာ အဖြာဖြာတို့ကိုလည်း
အဘိဓမ္မာ စာဝါငဲ့ပြင်
ဒကာ ဒကာမ အမြင်မမှားအောင်
ဘာဝနာဓမ္မ မဂ္ဂင်တရား
သင်ကြားခဲ့ပေ။

✦ အကျင့်မွန်
ရှင့်တံခွန် နေတစ်ဆူမို့
ဆွေလူရှင် တစ်သက်ဖြေမရပြီဘုရာ့
ပွေပူပင် မျက်ရည်စငယ်နဲ့
မက်မပြေသမျှ မတတ်သာပေ
မြတ်ဓမ္မာ ခြွေလှည့်ပါဦး။



✦ နေလ ကြယ်ပမာ
ကြွေကျလွယ် မဖြေသာဘု
ထေရ်မဟာ ခေမာမြန်းပြီလာ့
မြေသာရွှာ ဆွေညာ တပည့်တပန်းတို့မှာ
အလွမ်းလင်္ကာစီ
ရော်ရမ်းမမြင်သာပြီဘဲ
အဋ္ဌလီ ကြာမုံ ဂါရဝရယ်နဲ့
တင်ချီကာ တဖုံ သဒ္ဒါကြွလို့ရယ်
(ဆရာတော် ဘုရားရေ)
တမ်းတ ရည်စူး။ ။

(ဘဝနတ်ထံ ပျံလွန်တော်မူသော မြေသာရွာဆရာတော်ဘုရားကြီးသို့ ဤကဗျာဖြင့် ဦးခိုက်ပူဇော်ပါသည်။)

✷ ✷ ✷ ✷ ✷

## တူနှစ်ကိုယ်

✷ မောင်ကလည်း သစ္စာဆို
တစ်ယောက်ဆို တစ်ယောက်။
စကားတွေ ကြားလေသွေး
ဝေးရမှာကြောက်။

✷ မေကလည်း သစ္စာဆို
ပိတောက်ဆို ပိတောက်။
တစ်မိုးအောက် တစ်ယောက်တည်း
လွဲရမှာကြောက်။

✷ တူနှစ်ကိုယ် တဲအိုပျက်
ဆားလျက်လို့ နေရပစေ။
ဘယ်သူတွေ ဖျက်စေတော့
ပျက်နိုင်ဘူးလေ။
ချစ်ထုံးရယ် မပြေ
ချစ်မိုးစွေပြီဆိုတော့။
တမာခါးပေမယ့်
ချစ်စိတ်နဲ့စား
ပျားရည်ပဲပေါ့။

✷✷✷✷✷



## အလှဂုဏ်မက် ဘဝပျက်

✪ သူ့လုပ်ရပ် မှုမမှန်
သူ့အကြံ မရိုးဖြောင့်။
တို့ခေလေ့ သူဖျက်ချိုး
အမျိုးမစောင့်။

✪ သူ့အတွေး သူ့အမြင်
သူ့အသွင် မယဉ်ကျေး။
တို့ရိုးရာ သူမကြိုက်
စရိုက် မဖွေး။

✪ သူ့စကား သူ့လေသံ
သူ့မူဟန် မငြိမ်သက်။
တို့မြေကို အထင်သေး
မလေးမနက်။

✪ အကာကို ချစ်ပါလို့
အနှစ်ကို လက်မခံ။
အမှားအမှန် သူမသိ
ပြောင်းပြီ ပြောင်းပြန်။

အကောက်ဉာဏ်
ဖောက်ပြန်တဲ့ အတွေး။
အတုမင် အလှမက်လေတော့
သူ့အသွင် ဘဝပျက်
ရတက်မအေး။ ။

✷✷✷✷✷



## ဆည်းဆာ

❖ ပန်းရိုက်ဆေးဆို၊ နေခြည်ညှိုး
မိုးပြာကောင်းကင်၊ တိမ်ရောင်လွင်
ကြည်လင်ပဝင်း၊ အလှခင်း
လေညင်းသာသာ၊ မြဆည်းဆာ။

❖ ဖျိုင်းအုပ်ပျံသန်း၊ ညနေချမ်း
ရွာလမ်းကိုဝင်၊ မြလှည်းယဉ်
သံစဉ်ကြည်အေး၊ ပလွေတေး
ဘဒွေးအောင်ရီ၊ နွားသွင်းပြီ။

❖ မူးမြစ်ရေဖွေး၊ လောင်းလှေပြေး
မြထွေး မိစံ၊ ငါးရှာပြန်
ကံခ မိထူး၊ ပဲရွက်ခူး
ရွာဦးကမျှော်၊ ဘိုးထွန်းကျော်။

❖ ဦးကြီးဘသောင်း၊ ကျွဲအုပ်မောင်း
မိရောင်း မကြန်၊ ကောက်စိုက်ပြန်
ဘုတ်သံချိုအေး၊ အင်းနံဘေး
မလေး ခင်ညို၊ သီချင်းဆို။

❖ စေတီဖွေးဖွေး၊ နေရီအေး
ကျေးလက်ကာရန်၊ ခေါင်းလောင်းသံ
ပုံသံချိုမြ၊ လွမ်းဖွယ်ပ
အလှဆည်းဆာ၊ ချစ်စရာ။ ။

✷✷✷✷✷



## ရွာ့အလင်္ကာ

✿ တစ်ပုဒ်ကဗျာ
လယ်ယာမြေ စိုက်ခင်း။
မြကောက်ပင် ချောင်းရေသောက်
ဖြိုးမောက်လို့ဝင်း။

✿ တစ်ပိုဒ် ကာရန်
မြကန်သာ ကြာအဖူး။
မေပျိုတွေ ရေချိုရွက်
သူ့ထက်ငါဦး။

✿ တစ်ပုဒ် လင်္ကာ
ရွာဝန်းကျင် အလှ။
ချိုးကူသံ ပလွေတေး
အေးချမ်းပေစွ။ ။

✷✷✷✷✷

## အတုအယောင်

✷ ဦးမြကြီးလည်း
သမီးနှင့် သား၊ ဒေးကျောင်းထားသော်
စပါး နှစ်ရာ၊ ဒေးထဲပါမို့
ဝမ်းစာ မမီ၊ ကြွေးနှင့်မြီနှင့်
ဆီပြတ် ဆားပြတ်၊ အသုံးကျပ်။

✷ ဒေါ်မိပြူးလည်း
အမူးသမား၊ လင်ယောက်ျားနှင့်
သားကြီးကဖွတ်၊ သားငယ်ဖွတ်သော်
ချွတ်ခြုံကျမွဲ၊ မျက်ရည်ဝဲရှာ
တဲကုပ်ကုပ်ဝယ်၊ သောကနွယ်။

✷ ဦးဖိုးကျားလည်း
ချေးငှားပေါင်နှံ၊ ကြံမိကြံရာ
ဆီဆန် ပြောင်းနှမ်း၊ ကူးရင်း သန်းရင်း
သိန်းသန်းမျှပင်၊ အကြွေးတင်သော်
ရူးချင်သလို၊ နှမ်းချင်သလို။

✷ ကြံရာမရ
မြေ မယ်အောင်၊ ရွှေကျင်းထောင်သော်
လယ်ပေါင် လှည်းပြုတ်၊ ကျွဲ နွား ပြုတ်မို့
ငုတ်တုတ်သေလျက်၊ ဘဝပျက်။



✷ ခေတ်မီကင်းပါး
ဦးထွား မိကြွေ၊ လူပေါင်းကျော်ကာ
ရွှေအတစ်တစ်၊ အခြေဖြစ်လျက်
မူးယစ်ဆေးဝါး၊ လက်လီကားရင်း
တိုက်ကား လှလှ၊ ဝယ်နိုင်ကြသည်
လောကဟိတ်ဟန် ထည်တကား။ ။

(ငုတ်တုတ်သေ= ဒေသသုံးစကား–စီးပွားပျက်၍
ကြံရာမရ ဖြစ်နေသည်။)

✷ ✷ ✷ ✷ ✷

## တောင်သမန်မှာ တစ်နေ့တာ

✿ ဆည်းဆာရီ နေခြည်နွေး
လေပြည်သွေး ငှက်သင်းပျံ။
အင်းရေပြင် ပြာကြည်လက်
လှိုင်း ဘောက်ဘက်လျှံ။
အဝေးမှာ မြူငွေ့ပြန်
တောင်သမန် အလှ။
ရှုလေရာ ဘဝင်လန်း
အန္တမ်းပြေရ။

✿ မယ်ဇယ်ပင် ကုက္ကိုရိပ်
ချွေးသိပ်ရင်း တစ်နေကုန်။
ဦးပိန်တံတားပေါ် မှတ်တရ
ရိုက်ရ ဓာတ်ပုံ။
ကြင်ဖော်နဲ့ ပျော်ခွင့်ကြုံ
မုန့်မျိုးစုံ အတူစား။
တစ်သက်တာ ဘယ်မမေ့
ချမ်းမြေ့တကား။



✿ ကြာဖူးငုံ ပေဒါပွင့်
လေသင့်ရာ မွှေးထုံကြည်။
ကိုတံငါ ပိုက်ကွန်ချ
ငါးမျှားကြသည်။
ဘဲအုပ်က “ဂပ်ဂပ်” မြည်
ကမ်းစပ်ဆီ ဟိုသည်ကူး။
ချစ်စရာ လှမ်းမြင်ရ
ရွှင်ပြ ကြည်နူး။

✿ တောင်မင်းကြီး မြတ်ဘုရား
နှစ်ယောက်သား ဖူးမျှော်စဉ်။
သောကမြူ မသီဝေ့
ချမ်းမြေ့ကြည်လင်။
နှုတ်ချိုမြ ဖွညင်ညင်
ရင်မှာတဲ့ ပီတိဖျန်း။
ဖြူစင်ကြည် သဒ္ဓါယှက်
မင်္ဂလာ ရည်မှန်း။

✿ ဇနီးနဲ့ အတူတွဲ
အင်းဝဲယာ အနှံ့လည်။
တစ်နေကုန် ပြုံးပျော်လန်း
အန္တမ်းပျောက်ပြယ်။

ရောက်ခဲ့ရ ကြည်နူးဖွယ်
ဆယ်ကျော်သက် မဟုတ်လည်း။
တစ်နေ့တာ တစ်ခဏပေမယ့်
မမေ့သာ ထာဝရ
လွမ်းမြဲ ရင်ထဲ။ ။

✷✷✷✷✷



## ရေဆန်

✦ ဝဲကိုကျော်၍
လှော်ခတ်ပြင်းပြင်း၊ အားမာန်တင်း။

✦ လှိုင်းကိုခွဲ၍
ဖွဲ့မလျှော့သာ၊ တက်ဝင့်ကာ။

✦ ရေစီးကိုဖြတ်
ထောင်မတ်ဦးမော့၊ အားမပျော့။

✦ ရေဆန်ကိုတက်
ရွက်ကုန်ဖွင့်ခဲ့၊ နောက်မလှည့်။

✦ လှိုင်းကြမ်းလေထန်၊ လောကဓံ၏
ကံအခွင့်နုံ၊ အနိမ့်ကြုံလည်း
ရေစုန်မလိုက်၊ ဦးမငိုက်သာ
ဝဲဒိုက်ကိုကျော်၊ လှိုင်းပေါ်ကိုစီး
ရေစီးကိုဖြတ်၊ တက်ကုန်ခတ်လျက်
သောင်စပ်ကမ်းဆီ၊ သို့ဦးတည်
ချီတက် ရှေ့ဆက်ရဦးမည်။ ။

✷✷✷✷✷

## စာဆိုနှင့် ငှက်ကလေး

❀ ဇနီးက အိပ်ပျော်
သန်းခေါင်ကျော် အိပ်ဟောက်။
ကိုယ်ဖြင့် မအိပ်နိုင်သေး
အတွေးနယ်လွန်လို့
ကဗျာစျာန် ဉာဏ်ကွန့်မြူး
စိတ်ကူး တောင်မြောက်။

❀ ကြက်တွန်သံ အခါခါ
သက်လျာက အိပ်မောကျ။
ဖယောင်းတိုင် ထွာတစ်ညိုနဲ့
စာဆိုမှာ ကာရန်သွက်
ညဉ့်နက်ပြန်ရ။

❀ သမီးလေး သေးစို
ငိုယိုကာ လူးလွန့်နိုး။
ကြင်ဖော်မှာ အိပ်ရေးပျက်သတဲ့
မျက်ထားတော်ညှိုး။

❀ စိတ်ကူးယဉ် ကာရန်နဲ့
ရေးဖွဲ့လို့ မကုန်မီ။
အရှေ့မှာ ရောင်နီပျိုး
မိုးသောက်ခဲ့ပြီ။



ငှက်ကလေးက ''စိုးစီ စိုးစီ''
မြည်သံသာ တသွဲ့သွဲ့။
နှုတ်ဟာဆို
ခွန်းမြ ကြည်ချိုချိုနဲ့
စာဆိုကို ပြုံးလေရော့သလား
တေးကြော့သီနွဲ့။ ။

✷ ✷ ✷ ✷ ✷

## စိတ်ကူးလိပ်ပြာ အလကာ်

❋ တစ်မိုးချုပ်ပေမယ့်
ပျိုးနုတ်ကာ ပျော်စရာပ
လယ်ယာမြေ လုပ်ခွင်စခန်းမှာတဲ့
လန်းကြည်မြ ပီတိဖြာ။

❋ စပါးပိုရင်
ထားပျိုခင် ရွှာလုံမရယ်နဲ့
ဆုံရမယ် ကြံရွယ်ဖူး
စိတ်ကူးရင်မှာ။

❋ နွေမကျွတ်ခင်က
မြေလွတ်ကို ချန်မထားပါဘု
အားရက်မရှိ မနားသာ
စပါးပိုမှာမို့ ရင်မှာမြူး။

❋ မိုးအကျ
ထိုးဆွကာ ထွန်ရေးငင်လို့
တစ်နေဝင် တစ်မိုးချုပ်စေတော့
ကြိုးကုပ် ကြည်နူး။ ။

✷✷✷✷✷



## အလင်းတရား

❖ အတ္တမြေ ထိုးချေဆွ
မာနမျိုး ပျိုးကာထောင်
ဘဝရေတစ်ပွက်မှာ
မြွေ အခက်နဲ့
ဖွဲ့ယှက် ချည်နှောင်။
အလှဝေ ထိန်ပြောင်
စိန်ကြောင် နီလာလဲ့။
ဓနငွေ အခြေတင့်
ဝင့်လို့ပျော်ရဲ့။

❖ ကန်အသာ ကြာအဖူး
ကြည်နူးရက် အမြဲထင်။
ဘဝဟာ နှင်းတစ်စက်ပေမို့
ခဏတာ ယွင်းမပျက်ခင်
တင်းလျက် မော်ချင်။
မော်ပေမယ့် မောရုံပင်
ဆင်ခြင်မိသည် အမှား။

❖ တကယ်ဆို
အရွယ်အို အလိုမကျပြန်ခဲ့
ငယ်ပျိုပျို ဟိုအလှဟာလည်း
ခဏတာ မကြာယိုင်မို့
ငါမပိုင် သတိမယွင်းတာကြောင့်
ငါမဆိုင် အသိကြွင်းကာမှ
စိန်မြရံ မာန်မတင်းသာဘု
လင်းခဲ့ပြီတကား။ ။

✷✷✷✷✷



## အဖေ့ပီတိ

✱ 'သရီး'ကို 'ဒထွေး'ထင်
အင်္ဂလိပ် အဖေမတတ်။
'စီ' ကိုမြင် အထင်ကရ
'င' လို့ အဖေဖတ်။

✱ 'ဒဗလျူ' မြင်တဲ့ခါ
အဖေဖတ်တာ 'ယပက်လက်'။
'အမ်' ကိုမြင် 'ကကြီး'မှတ်
ဖတ်မိတာ ခက်။

✱ 'ဂျေ'ကိုမြင် 'နှစ်' လို့ဆို
'အို' မြင်တော့ 'ဝလုံး'။
အေ ဘီ စီ အဖေမရ
သမီးကပြုံး။

✱ အဖေ့မှာ ဟုတ်လှပြီ
သမီးငယ် ရွှေရင်နှစ်က
တခစ်ခစ် ရီ။

✱ လွယ်အိတ်ကလေးနဲ့ ပြုံးပျော်ကြည်
ဖူးတံချီ ပွင့်သစ်စ
မျိုးဆက်ပင် ပြည့်ရင်သွေးရယ်လို့
အဖေတွေးကာ ရွှန်းပီတိနဲ့
အားပြည့် ရွှင်ပျ။ ။

✷✷✷✷✷

## ပုရစ်တူးချိန်

❀ မူးမြစ်ထဲမှာလ
သောင်သဲရယ် မိုမို
မြူနှင်းငယ်စိုသည်
ဟိုနားဆီ သည်တစ်စုပေပေါ့
အလုအယက် မမောနိုင်
တူပြိုင်ပြိုင် ပုရစ်တူးပြန်ကြ
မိဦးနဲ့ ကျော်မေ
ဖော်ရွှေရွှေ ဆိုသီချင်းနဲ့
ဟင်းတစ်ခွက် မနက်စာမီ
တူရှင်း ကိုယ်စီကိုင်လို့ပလေး။

❀ ပုရစ်စုံ့ငယ်
ပုံ့ပုံ့များဖြင်
သောင်ခုံ သဲတော၊ လွှန်စွာပေါသနဲ့
မိချော မိကြွက်၊ မစိန်နက်တို့
တူးချက်ကတွင်သည်
တစ်စုံ့လျှင် နှစ်ကောင်အောင်းပြန်တော့
အကောင်ပေါင်း နှစ်ရာကျော်
မလှဘော် မငွေဆင့်ရယ်က
နေမမြင့်မီ သီတံဆုံးပြီကွဲ့
ပြန်အုံးစို့လေး။ ။

✷ ✷ ✷ ✷ ✷



## သဒ္ဒါကြည်မြ ရွာ့အလှ

✦ ဒိုးပတ် ပုံရှည်၊ ခြိမ့်ခြိမ့်စည်လျက်
ပီတိ ဟုန်ကြွ၊ မြူးခုန်ကသည်
ရွာ့ကျောင်းရေစက် ချတဲ့ပွဲ။

✦ နွမ်းပါးလေလည်း
စေတနာပို၊ သဒ္ဓါယိုကာ
ဦးညို့ ဒေါ်သစ်၊ ပီတိဖြစ်လျက်
ခြစ်ခြစ်ခြုတ်ခြုတ်၊ ကုတ်ကုတ်ကတ်ကတ်
ရာကျပ် ထောင်ငွေ၊ ထည့်ဝင်ပေ၏။

✦ ယာခင်းစိုက်စား
စံထွား ချစ်တင်၊ ဒေါ်မိလွင်တို့
ဝင်ငွေနည်းရှာ၊ မနေသာသော်
ယာထွက်သီးနှံ၊ လှူဒါန်းပြန်၏။

✦ ဝက်မွေး ကြက်မွေး
ကြွေးနှင့်မပြတ်၊ ဒေါ်နီစပ်နှင့်
ကျပ်တည်းရှာပေ၊ ဦးတာတေတို့
ရှာဖွေချေးငှား၊ သဒ္ဓါပွားကာ
အားနှင့်မမျှ၊ လှူဒါန်းကြ၏။

✦ ကခုန်မြူးကာ၊ ပျော်စရာတည့်
သဒ္ဒါရွှန်းကြည်၊ ဖုံသံစည်လျက်
ပီတိတွေဖုံး၊ အပြုံးတွေဖြာ
ညီညာဖြဖြ၊ လန်းရွှင်ပျသည်
ရွှာ့ဂုဏ်ကျက်သရေ ထွန်းပြောင်ဝင်း။ ။

✷ ✷ ✷ ✷ ✷



## မူးမြစ်မြင်ကွင်း နွေစိုက်ခင်း

❄ မူးမြစ်ပြင် သောင်ခုံမြမှာလ
ဖူးသစ်လွင် ရောင်စုံလှပါဘိ
ထုံမြမြ ဂန္ဓမာ။

❄ ဟိုးအဝေးမှာလည်း
ချိုမွှေးထုံကြည်ကြည်နဲ့
ငုံစီစီ ပန်းစုံတင့်
လန်းစွင့်လို့ဖြာ။

❄ သဲမြင့်ခုံ နုန်းမြေကောင်းပြန်တော့
ဖရဲနှင့် ဖရုံ ရုံးပတီ ပြောင်းငဲ့ပြင်
ပဲစောင်းလျား ချဉ်ပေါင်နဲ့
ရွှေအရောင် နေကြာပန်းတွေက
နွေခေါင်ခေါင် ဝေဆာလန်းပါဘိ
လှမ်းမျှော်လို့ ရှုလေရာ
သာပါရဲ့ နွေစိုက်ခင်း။

❄ မူးမြစ်ရေကြည်
စီးရစ်ခွေလည်လို့
ဖြာဝေစည် နွေဦးမှာလ
ဝါနီနီ ရွှေအဖူးတွေနဲ့
ထူးတဲ့မြင်ကွင်း။ ။

✷ ✷ ✷ ✷ ✷

## လွမ်းဖွယ်မြင်ကွင်း ရှုမျှော်ခင်း

ဖျင်အင်္ကျီ လက်ပြတ်နဲ့
ချုပ်ရိုးစပ် တစ်ဖာ နှစ်ဖာ။
ပုဆိုးပေါက် သုံးလေးပြဲ
မည်းညစ် စုတ်ချာ
ဖိနပ်က ဗလာ
ခေါင်းပေါ်မှာ ခမောက်စုတ်။
လယ်ဘေးမှာ တလင်းထိုး
အဘိုး သာတုတ်။

ပလွေတို သံချိုနှောလို့
ကိုစံပေါ် နွားကျောင်းနေ။
ထန်းတောညို ထနောင်းရိပ်
ချွေးသိပ်ပန်းဖြေ။
ကောက်ရိတ်ဆင်း မပျင်းပေ
လုံမေတွေ အပြိုင်ကြဲ။
မြက်ရိတ်တဲ့ ဖိုးသာချွေး
ချွေးပြိုက်ပြိုက်ရွှဲ။

လယ်နံဘေး ချောင်းတစ်လျှောက်
ငါးများထောက် ကိုသာကျော်
မမိစာ ခရုရမ်း
ချမ်းဘူးတဲ့တော်။



မျှော့တွယ်လို့ သံကုန်အော်
ဖိုးထော်တို့ လင်မယား။
ညစာမီ လင်းပက်ထိုး
ချောင်းရိုး ဒိုက်ကြား။

စပါးဝမ်းစာ မဆက်မိ
မအိနဲ့ ဝရီးညို။
ကောက်လှိုင်းစည်း ကိုယ်စီထမ်း
ပင်ပန်းဘူးဆို။
ချိုးဖိုမ ကူသံချို
နေအညို လေချိုညင်း။
အိပ်တန်းပြန် တောင်ပံယှက်
ဗျိုင်းငှက်တစ်သင်း။

လယ်တောမြေ ရှုမျှော်ခင်း
မြင်ကွင်းက စုံလင်လင်။
မက်မပြေ သည်အလှ
လွမ်းမြ ခုံမင်။
ကောက်ရိတ်ပြန် လုံမေခင်
ကြင်သူဖြင့် ကြိုလာနိုး။
နေမမြုပ်မီ
ရွှေဘုတ်အီ တေးသံဆန်း
လွမ်းစိတ်တွေပျိုး။ ။

✷ ✷ ✷ ✷ ✷

## မိုးနိဒါန်း

✦ ဥဩနှုတ်ဆက်၊ နွေနှောင်းရက်တည့်
လျှပ်ပြက်ဝင်းထိန်၊ ငွေကြိုးလိမ်နှင့်
တိမ်ညိုမှိုင်းထပ်၊ နောက်တောင်ရပ်က
မိုးနတ်စည်ဆော် ရွှမ်းလေပြီ။

✦ ပီတိဝင့်ကြွား၊ လယ်သမားတို့
နွားရှဉ်းကိုနှင်၊ ထွန်ရေးငင်ကာ
လယ်ပြင်ယာကွက်၊ တမန်းညက်အောင်
ထွန်ယက်အားခဲ၊ ကောက်ပျိုးကြဲပြီ။

✦ ဆည်ချောင်းအင်းအိုင်၊ ကန်ပိုင်လယ်တော
အကောအကတ်၊ ကျိုးပြတ်ကန်သင်း
ကွင်းလုံးလျှံမျှ၊ မိုးသည်းချပြီ။

✦ တောစပ် ချောင်းဖျား၊ ကန်အောက်နားက
ဖားတလက်သံ၊ ဘုတ်အီသံနှင့်
လည်တံရှည်ဗျိုင်း၊ အုပ်ဖွဲ့ဝိုင်းလျက်
ကိုင်းပင်ချုံပုတ်၊ ရေစလုတ်မှာ
ပေါင်တုတ် ငှက်တွေ၊ ငါးချောင်းနေ။



✦ စံပယ်ပွင့်ငုံ၊ သင်းပျံ့ထုံလျက်
ရဂုံအလှ၊ စိမ်းစိုမြအောင်
ပျိုးစ ဝသန်၊ မိုးမည်းညံ့လျက်
ချောင်းကန် လယ်ကွင်း၊ ရေပြည့်တင်းပြီ
လယ်ကွင်းဖွေးဖွေး၊ ဟိုးအဝေး
မျှော်ငေး ပီတိဖြစ်မိသေး။ ။

✷ ✷ ✷ ✷ ✷

## ပျင်းဘူး

✪ ပြောင်းဖူးလည်းခြွေ ပဲတောင့်ခြွေ
သူ့မှာ ပျင်းဘူးအေ။
အိုးတွေ ခွက်တွေ ဆေးကာကြော
နင့်များ ပျင်းဘူးကော။
နံနက်စောစော သောက်ရေသယ်
ငါ့မှာ ပျင်းဘူးညယ်။
လယ်လည်းထွန်ရဲ့ ပျိုးနုတ်ရဲ့
မင့်မှာ ပျင်းဘူးကဲ့။
ဓားပဲ့သွေးလို့ လက်လက်ပြောင်
သူ့မှာ ပျင်းဘူးမောင်။
ယုန်ထောင် ချိုးထောင် ခေါက်ပြန်ကျော့
နင့်မှာ ပျင်းဘူးနော့။
ညနေစောင်းတော့ ဝက်စာကျို
မင့်မှာ ပျင်းဘူးဆို။
နေညိုချိန်မို့ နွားအုပ်သွင်း
ငါ့မှာ ဘယ်မပျင်း။
ရေနွေးခပ်ရင်း မြေပဲလှော်
ကျုပ်မှာ ပျင်းဘူးတော်။
အားလုံးပျော်ရွှင် စိတ်ကြည်နူး
ငါတို့ ပင်လည်ဘူး။

✷ ✷ ✷ ✷ ✷



## တောလက်သည်

❖ မီးဖွားရာတွင် ကျွမ်းကျင်သလို
တောလက်သည်မ ဖွားခင်ညို။
ကုသိုလ်လည်းရ ဝမ်းလည်းဝ
အဖွားခင်ညို ပြုံးချိုမြ။

❖ ရွာကအားထား လေးစားပေ
သူ့သိက္ခာကို ယုံကြည်လေ။
သူ့စေတနာ ဖြူစင်ဝင်း
ငွေမပေးလည်း သူမငြင်း။

❖ နံနက်နေ့ခင်း မပျင်းသာ
မယွင်းညဥ့်ယံခါ။
မေတ္တာ ကရုဏာ ရင်ထဲပြည့်
အားရက် နားရက် သူမရှိ။

❖ ပဋိသန္ဓေ ဖျက်ချရန်
အဖွားခင်ညို လက်မခံ။
သတိပဋ္ဌာန် လက်ကိုင်ထား
မေတ္တာသုတ်ရွတ် ဂုဏ်တော်ပွား။

❖ မီးဖွားပေးရ ပီတိဖြာ
ပေးသမျှနဲ့ ကျေနပ်ရှာ။
ဝါသနာနဲ့ နှစ်နာခြင်း
အဖွားခင်ညို ပေးဆပ်ရင်း။

❖ ရိုးစင်းအလှ ဂုဏ်ယူဖွယ်
အဖွားခင်ညို တောလက်သည်။
အမြင်ငယ်လည်း ဂုဏ်ကြီးမား
တုယှဉ်စံထား သင့်တကား။ ။

✷✷✷✷✷



## လန်းတယ်

✷ ဝင်းသန့်က လန်းတယ်။
မဝင်းနွယ် အပျိုဖျန်း
လန်းလိုက်တာဟယ်။
ချစ်စုလည်း လန်းတယ်
မိငယ်လည်း လန်းတယ်နော့။
အပျိုကြီး မခင်ပြုံးလည်း
လန်းတုန်းပဲတော့။

✷ မောင်ဟန်တင့် လန်းတယ်ဗျာ။
မောင်လွန်းမြိုင် မောင်ပြည့်စွမ်း
လန်းနေလိုက်တာ။
ဉာဏ်ဝင်းနဲ့ မောင်ရိုးညှာ
စိတ်ပျိုကာ ကိုယ်နု။
ငါးဆယ်ကျော် ဇရာသမ်းပေမယ့်
လန်းလိုက်တာ ခု။

✷ အားလုံးက လန်းတယ်တော်။
စိတ်လည်းလန်း ကိုယ်လည်းလန်း
ချမ်းမြေ့ ရွှင်ပျော်။
ကျေးလက်လည်း လန်းတယ်နော်
မြို့ပေါ်လည်း လန်းနေကြ။
တစ်ပြည်လုံး ပီတိဖျန်း
လန်းလို့ ကြည်မြ။ ။

✷✷✷✷✷

## ငယ်ခလေ့

❄ မူးမြစ်ရေချိုး၊ ရေငုပ်ထိုး
မူးရိုးမှာပျော်၊ သီချင်းအော်
လေ့လှော်လှိုင်းမူး၊ မကြောက်ဘူး
မြူးတယ်လေ့၊ မြူးတယ်လေး။

❄ သဲသောင်ခုံဦး၊ ပုရစ်တူး
မူးမြစ်ထဲဝယ်၊ ရေညှိဆယ်
ရေလယ်သောင်ကမ်း၊ ယောက်သွားရမ်း
ကျွမ်းတယ်လေ့၊ ကျွမ်းတယ်လေး။

❄ ပုံပုံစီးလျက်၊ ရေကြောင်းနက်
လက်ပစ်ဖောကာ၊ ကျွမ်းကျင်စွာ
ပျော်စရာအခင်း၊ မူးမြစ်တွင်း
အင်းပက်လက်ထိုး၊ အမျိုးမျိုး
မရိုးတယ်လေ့၊ မရိုးတယ်လေး။

❄ သောင်ခုံသဲထစ်၊ နွေဦးသစ်
ပုရစ်မြီးခွေ၊ မီးထွန်းမလေ
ဝေစားငှစား၊ ဖော်ညှိထား
သွားတယ်လေ့၊ သွားတယ်လေး။



❄ မူးမြစ်ကမ်းပါး၊ လျှောစီးကစား
ကမ်းပါးမြင့်မှာ၊ ခုန်ချကာ
ငယ်ခါခလေ့၊ ဘယ်မမေ့
မွေ့တယ်လေ့၊ မွေ့တယ်လေး။ ။

(ပုံပုံစီး= ပုဆိုး၊ လုံချည်တို့ ရေကြောင်းတွင် လေဖောင်းအောင်လက်ဖြင့် ရိုက်သွင်းပြီးစီးကစားသည်။ အင်းပက်လက်ထိုး= ရေစီးကြောင်းပေါ် ပက်လက်အိပ်ကာ ခြေဖြင့်လက်ဖြင့်ယက်၍ ရှေ့ကိုထိုးသည်။ လျှောစီးကစား= မူးမြစ်ကမ်းပါးကို ရွှံ့နွံဖြင့် သုတ်လိမ်းလျက် လျှောတိုက်စီးချ၍ ကစားသည်။ ကမ်းပါးမြင့်မှာ၊ ခုန်ချကာ= မူးမြစ်ကမ်းပါးမြင့်ပေါ်မှ ရေကြောင်းထဲ ခုန်ချ၍ ကစားသည်။)

✷ ✷ ✷ ✷ ✷

## မူးမြစ်ခလေ့

တချို့က တောင်ယာ
နှမ်းဝါစိုက် အသက်မွေး။
ယာနီးချင်း ချစ်ကြည်မွေ့
ခလေ့ ဖွေးဖွေး။

တချို့က ကန်သင်းတင်
ထွန်ရေးငင် စပါးစိုက်။
လယ်နီးချင်း ကူမဖေး
ဖွေးတဲ့ စရိုက်။

တချို့က ဆားချက်တယ်
ပျားဖွပ်လည် ယုန်ပိုက်ချ။
ကြောင်ကိုင်းထောင် ပွေးစုံ့တူး
ကြည်နူး ရွှင်ပျ။

တချို့က မူးရိုးမှာ
ဖား ငါးရှာ ရေလိပ်ထောက်။
ခြံ မှိုရှာ ထင်း မျှစ်ချိုး
တောင်ရိုးတစ်လျှောက်။



အင်ကြင်းစက် ရှာသူရှာ
ခွေးအာကပ် တူးသူတူး။
ရွှေကျင်းဖောက် ရွှေမျှောချ
ချမ်းမြ ကြည်နူး။

မူးမြစ်မှာ ငါတို့မွေး
ငါတို့သွေး မူးမြစ်မြေ။
မူးမြစ်ဟာ တို့အသက်
အားတက် ဖော်ရွှေ။
ကဒူးကနန်း ရှမ်း ဗမာတွေ
သွေးစည်းနေ ထာဝရ။
အကြွားမသန်ပေမယ့်
တရားမှန် ဓား လုံသွေး
ဖွေးလက် ချွန်မြ။ ။

✷ ✷ ✷ ✷ ✷